# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 30 August 2026 ၁၂၈၆


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ–၁၂၂)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွံတေးမြို့နယ် မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနမှ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေများအား အသိပေးကြေညာခြင်း

စာမျက်နှာ » ၁၀

ခေတ်သစ်စက်မှုလောကကို တိတ်တဆိတ် လွှမ်းမိုးလာသည့် ဝါး

ဆောင်းပါး စာမျက်နှာ » ၂၀

၂၀၂၆ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

စာမျက်နှာ » ၂၂

**ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါး တစ်ပုဒ်အား တုံ့ပြန်ခြင်း**

ဆောင်းပါး စာမျက်နှာ ၆



ရန်ကုန်မြို့ သိမ်ဖြူလမ်း အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ယွန်းထည်ပစ္စည်းများ၊ သစ်သားပစ္စည်းများကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာလက်မှုပစ္စည်းများ တရုတ်နှင့်ကိုရီးယား ခရီးသွားများ စိတ်ဝင်တစား လှေ့လာဝယ်ယူ

ရန်ကုန် ဩဂုတ် ၂၉

ပုဂံဒေသ မြင်းကပါရွာမှ ထွက်ရှိသည့် ယွန်းထည်ပစ္စည်းအမျိုးပေါင်း ၃၀ ကျော်နှင့် မန္တလေးနှင့် ပဲခူးမြို့မှ ထွက်ရှိသည့် သစ်သားပစ္စည်း ၅၀ ကျော်အပြင် ပုဂံဒေသထွက် သဲပန်းချီ၊ ယွန်းပန်းချီနှင့် မန္တလေးဒေသထွက် ကျောက်စီပန်းချီနှင့် ရွှေခြည်ငွေခြည်ထိုးပန်းချီကားများ စသည်ဖြင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို တစ်နေရာတည်းတွင် လှေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိရာ တရုတ်နှင့်ကိုရီးယား ခရီးသွားများ အထူးစိတ်ဝင်တစား လှေ့လာဝယ်ယူကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✦

# ပန်းလောင်မြစ်ရေတံခွန်သို့ ခရီးသွားဧည့်သည်များ နေ့စဉ်အပန်းဖြေ လာရောက်လည်ပတ်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ရှိ ပန်းလောင်မြစ်ရေတံခွန် ကင်းတားလေးဆည်နှင့် ပိန္နဲပင်ကြိုးတံတားတို့သို့ ခရီးသွားဧည့်သည် ၅၀၀ ခန့် နေ့စဉ်အပန်းဖြေလာရောက်လည်ပတ်လျက်ရှိကြောင်း The Burmese Natural Life အပန်းဖြေစခန်း တာဝန်ရှိသူ ဦးကျော်ကျော်ထံမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ✤



မန္တလေးတိုင်းဒေသကြီး ကူမဲမြို့ရှိ ပန်းလောင်မြစ်ရေတံခွန်အလှကို တွေ့ရစဉ်။

# ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် အင်တိုက်အားတိုက်တားဆီးကာကွယ်

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ပွားလျှင်ဖြစ်ပွားချင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းကျွန်းတာ တိုးမြစ်ရေတိုက်စားမှုနှင့်ပတ်သက်၍ ညောင်တုန်းကျွန်းတာ ကျိုးပေါက်ကြောင်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် မမှန်မကန်သတင်းထုတ်လွှင့်မှုများကို လူအချို့က ပြုလုပ်ခဲ့ကြသည်။ အမှန်တွင် ညောင်တုန်းကျွန်းတာ ကျိုးပေါက်ခြင်းမရှိဘဲ တိုးမြစ်ရေတိုက်စားခြင်းသာဖြစ်ပြီး ဖြစ်ပွားသည့်နေရာများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက တာကိုယ်ထည်တိုက်စားမှုကို ယာယီကာကွယ်နိုင်ရန် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာအခြေ သဲအိတ်ထောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော ရေတိုက်စားမှုကို အင်တိုက်အားတိုက် ဆောင်ရွက်ပြီး ကာကွယ်ခဲ့သည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်နေ့ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ အဆိုပါ ဒေသများမှ ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အရေးပေါ်ကူညီကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ခဲ့သည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်စေတနာရှင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးခြင်း၊ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် လိုအပ်သည်များကို ထောက်ပံ့ကူညီပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ရေကြီးရေလျှံ ဖြစ်ပွားလျက်ရှိသည့် လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ်လ ၁၄ ရက်နေ့တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးရေဝင်ရောက်ခဲ့ရာမှ ဩဂုတ်လ ၂၈ ရက်နေ့တွင် ၄ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၁၀ လက်မခန့် ရေကျဆင်းသွားခဲ့သည်။

ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်နေ့တွင် မြစ်ရေ ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးရေဝင်ရောက်ခဲ့ပြီး ဩဂုတ်လ ၂၈ ရက်နေ့တွင် မြစ်ရေ ၉ ပေ ၆ လက်မခန့်သာ ကျန်ရှိတော့သဖြင့် မြစ်ရေ ၁ ပေ ၈ လက်မခန့်အထိ ကျဆင်းသွားခဲ့သည်။ ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်နေ့တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ဩဂုတ်လ ၂၈ ရက်နေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် မြစ်ရေ ၁ ပေ ၁ လက်မခန့် ကျဆင်းသွားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခဲ့သည့် ယခုရက်ပိုင်းတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျစောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်ကို တက်တက်ကြွကြွဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများတွင် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်းပြီး ကားလမ်းမကြီးပေါ်၌ တင်ကျန်နေသည့် နုန်းများ၊ အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ကြုံတွေ့လျက်ရှိရာ ယခုနှစ် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်ဆောင်ရွက်ပေးမှုများနှင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်မှုကြောင့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်မှ ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

**ကျန်းမာရေးဝန်ကြီးဌာန**
**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**
**၂၀၂၆ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ် အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်း သတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၉ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဇုန်များအလိုက် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးဇုန်များကို အပိုင်းအလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများ မွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့် ဥများ ထုတ်လုပ်ရောင်းချနိုင်မှု၊ မွေးမြူရေးဇုန်များအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိမှု၊ ဇုန်များအလိုက် လျှပ်စစ်မီး လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများ လုံလောက်စွာ ရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ တွံတေးမွေးမြူရေးဇုန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများ မရှိအောင်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း။

မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွှတ်ကျောင်း၍ မွေးခြင်းဆိုသည့် မွေးမြူနည်းသုံးမျိုး ရှိကြောင်း၊ ထိုသို့မွေးမြူရာတွင်လည်း နည်းလမ်းများအလိုက် နည်းစနစ်တကျဖြင့် မွေးမြူရန် လိုကြောင်း၊ လှောင်မွေးခြင်းစနစ်ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့်ရေများ လုံလောက်စွာဖြင့် ပြည့်ပြည့်ဝဝ ကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မျိုးကောင်းမွန်မှသာ ထုတ်လုပ်မှုများ တိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေဩဇာများ ထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေး လုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာ ကျွေးမွေးနိုင်ရန် လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေ လုံလောက်စွာရရှိရန် လိုသကဲ့သို့ တိရစ္ဆာန်များ အတွက်လည်း သန့်ရှင်းသောရေ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများ နည်းစနစ်တကျ မွေးမြူပြီး အထွက်နှုန်းများ တိုးတက် ကောင်းမွန်လာစေရေး အကောင်အရေအတွက် အလိုက် လိုအပ်မည့် မွေးမြူမည့်နေရာ ပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေး ဆိုင်ရာလိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှု စသည်ဖြင့် စနစ်ကျနသည့် မွေးမြူရေးအစီအမံများ ရှိရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ အသား၊ ငါးနှင့် ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❋ **ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်းအချက်လက်များ ပြည့်စုံမှန်ကန်မှု ရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

❋ **ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများ လုံလောက်စွာဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန်လို**

❋ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများမရှိအောင်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လို**

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-တွံတေးသွား ကားလမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လှည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတား(ဒလ)သို့ ရောက်ရှိကြကာ နိုင်ငံတော်သမ္မတက ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုတွေ့ရစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## ရေတိုကာကွယ်ရေးနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြားနေရာ၌ ဧရာဝတီမြစ်မှ ခွဲထွက်လာသော တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေတိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တာဝန်ရှိသူများနှင့် အတူ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန်-မအူပင် လမ်းကြောင်းအတိုင်း ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပွားခဲ့သည့်နေရာသို့သွားရောက်ပြီး လမ်းကြောင်းတစ်လျှောက် ရေဝပ်ဧရိယာ ဖြစ်ပေါ်နေမှုများ၊ ရေဆင်းလမ်းကြောင်း ပိတ်ဆို့နေမှုများ၊ ရေကျော်နေရာ ဖြစ်ပေါ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းနောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ဒေသခံ ရပ်မိရပ်ဖများနှင့် ပြည်သူများက တိုးမြစ်အတွင်း မြစ်ကြမ်းပြင် ရေတိုက်စားမှု အခြေအနေများ၊ ဧရာဝတီမြစ်ခွဲမှ ခွဲထွက်သွားသည့် တိုးမြစ်၏ အစပိုင်း ပေ ၄၅၀၀ ခန့် အကွာ၌ မြစ်ကွေ့နေရာတည်ရှိပြီး မြစ်ကွေ့နေရာ နှစ်မိုင်ခန့်အတွင်း ရေနက်စီးကြောင်းသည် မာယူ/ချောင်းဖျားကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ ဂန်ချောင်းကျေးရွာနှင့် ထုံးဝကျေးရွာများသို့ ဦးတည် ရွေ့လျား ပြောင်းလဲလာပြီး မြစ်ကမ်းပါး ရေတိုက်စားမှုများကြောင့် နှစ်စဉ် ကမ်းပါးပြိုကျ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများ၊ ဂန်ချောင်းကျေးရွာအနီး မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ် ပေ ၁၅၀ မှ ၂၆၅ ပေခန့်အထိ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း စိုက်ပျိုးမြေများအပါအဝင် စုစုပေါင်း မြေဧရိယာ ၁၀၀၀ ကျော်ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ မြစ်တစ်ဖက်ကမ်းတွင် မြေနုကျွန်း ဧက ၈၅၀ ပေါ်ထွန်းတည်ရှိနေသည့် အခြေအနေများ၊ ဒေသတွင်း ရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မူလတာ၏ အနောက်ဘက်များတွင် ပန်းတာ၊ ဖြတ်တာတို့အား ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ်အထိ စုစုပေါင်း ၁၂ ခုခန့် ဆောင်ရွက်ပေးခဲ့သည့် အခြေနေများ၊ ယခု ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပွားခဲ့မှုကို ကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက် ဆင်ခြေလျှော တိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ပန်းတနော်မြို့နယ်ရှိ ဒေါင့်ကြီး၊ နံ့ဂါတ်၊ တောကျောင်း၊ ပေါက်ချောင်း၊ ကဇင်းတော၊ ကျောင်းစု၊ ကဿဝင်ကျေးရွာများနှင့် မအူပင်မြို့နယ်ရှိ ချောင်းကြီး၊ ဂန်ချောင်း၊ လှည်းဆိပ်ကျေးရွာများ ကမ်းပြိုမှုကင်းဝေးရန်နှင့် ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များ ရေတိုက်စားမှု ဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များလျော့ကျစေရေးအတွက် မြစ်ကြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများ အားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များကို စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရေရှည် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ် ဖြစ်ပွားမှုများကို ကြိုတင်တားဆီး ကာကွယ် လျော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ရေစီးဆင်းရာ လမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများ အထက်မှ အောက်သို့ မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းသွားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြစ်ချောင်းများ၏ ရေစီးရေလာ အခြေအနေများကို အမြဲမပြတ် လေ့လာဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ် စီမံချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေရန်လိုကြောင်း။

### ❖ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို

**စနစ်တကျ သုံးသပ်တွက်ချက်**

ရေလမ်းကြောင်းပေါ်ရှိ မြေနုကျွန်းများ တူးထုတ်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း စက်သုံးဆီသုံးစွဲမှု အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် မြေတူးစက်များဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများ တစ်လျှောက် သောင်တူးဖော်ခြင်း လုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ မြစ်ချောင်းများတစ်လျှောက် ပိတ်ဆို့နိုင်သည့်နေရာများကို စနစ်တကျရှင်းလင်းဆောင်ရွက်သွားမည် ဆိုပါက ရေစီးဆင်းမှုများ ကောင်းမွန်ပြီး ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တာကိုယ်ထည်ရေတိုက်စားမှုကြောင့် ပြိုကျမှုများကို အချိန်မီ ထိန်းသိမ်းပြုပြင် ဆောင်ရွက်သကဲ့သို့ အခြားတာရိုးများတစ်လျှောက် ရေတိုက်စားနိုင်သည့် နေရာများကိုလည်း ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**စာမျက်နှာ ၅ သို့ »»»**





ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

»»» စာမျက်နှာ ၄ မှ

လက်ရှိအချိန်တွင် **ကမ္ဘာ့နိုင်ငံအနှံ့အပြား၌သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက် ရှိပြီး လတ်တလော ဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု ဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရေရှည် အကျိုးအတွက် စီမံတွက်ချက် ဆောင်ရွက်သွားကြရန် လို**ကြောင်း၊၊

ယခုရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့် ညောင်တုန်းကျွန်းတာ ရေတိုက်စားမှု ယာယီတားဆီး ကာကွယ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ဝဝန်တာ တမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အမြန်ဆုံးပြီးစီးနိုင်ရေးအတွက်လည်း ရနိုင်သမျှသော အင်အားစုများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊၊

တစ်ချိန်တည်း၌ပင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်မှုများကိုလည်း စနစ်တကျစစ်တမ်းကောက်ယူသွားရန် လိုကြောင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ထောက်ပံ့မှုများ အချိန်မီပေးအပ်နိုင်ရေးနှင့် ပြည်သူများ၏ နေထိုင်စားသောက်ရေး အခက်အခဲမရှိစေရေး တာဝန်ရှိသူ သက်ဆိုင်ရာဌာနများအားလုံးက ဝိုင်းဝန်းကြိုးပမ်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊၊

ရန်ကုန်-မအူပင်သွားကားလမ်းဘေးဝဲ/ယာတစ်လျှောက် ရေများမြောင်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများက စနစ်တကျဖြင့် ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေထွက်လမ်းကြောင်းများ ကောင်းမွန်နေမှသာ ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းတစ်လျှောက်ရေကျော်သည့်နေရာများ၌ လမ်းသားမြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

❖ **ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက် ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လို**

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှု ဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်း ရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှု ကာကွယ်ရန် Geo Textile ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တာပေါင်ပြုပြင်ရာတွင် လက်ရှိအခြေအနေကိုသာ ဖြေရှင်းခြင်းမဟုတ်ဘဲ နောင်တွင် ရေမြင့်တက်လာသည့် အခြေအနေများကိုပါ ခံနိုင်ရည်ရှိစေရေး ထည့်သွင်းတွက်ချက်ကာ စနစ်တကျပြန်လည်တည်ဆောက်ပြုပြင်သွားရန်နှင့် လိုအပ်သည့် စက်ယန္တရား၊ လူအင်အားနှင့် ပစ္စည်းများကို စနစ်တကျစုစည်း အသုံးပြု၍ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ဒေသခံပြည်သူများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



✦ **မြန်မာ့ရိုးရာမှ**

"မြန်မာမှုကို မြတ်နိုးတဲ့သူတွေ ပုဂံကို တကူးတကသွားစရာမလိုဘဲ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်းဝယ်လို့ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိရာက ဆိုင်ဖွင့်ဖြစ်သွားတာပါ။ ရန်ကုန်မြို့ခံတွေလည်း အားပေးသလို နိုင်ငံခြားသားတွေလည်း လာရောက်အားပေးကြပါတယ်။ နိုင်ငံခြားသားတွေထဲမှာဆိုရင် တရုတ်နဲ့ ကိုရီးယားက မြန်မာ့လက်မှုပစ္စည်းကို ပိုပြီးဝယ်ယူ အားပေးကြပါတယ်" ဟု အဆိုပါ မြန်မာ့လက်မှုပစ္စည်း အရောင်းဆိုင်တာဝန်ခံက ပြောသည်။

အဆိုပါအရောင်းဆိုင်၌ ရန်ကုန်မြို့ရှိ ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီ၊ စားသောက်ဆိုင်နှင့် နေအိမ်များတွင် အလှဆင်နိုင်ရန် ယွန်းထည်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ယွန်းဆွမ်းအုပ်၊ ယွန်းရွှေဖလား၊ ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုး၊ ကြယ်သီး၊ ဗီရို၊ အံဆွဲ၊ သေတ္တာ၊ ရေနွေးအိုး၊ ဝိုင်ခွက်၊ ဇီးကွက်၊ ရှေးရိုးရာထမင်းချိုင့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ၊ သစ်သားပစ္စည်းများဖြစ်သည့် ကရဝိတ်ဖောင်တော်၊ ရေနွေးအိုးအစုံ၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆေးတံ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ ပုတီးမျိုးစုံ၊ လာဘ်ကောင်မျိုးစုံနှင့် အရုပ်မျိုးစုံကိုလည်း ပြသထားသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များဖြစ်သည့် မန္တလေးတောင်၊ မန္တလေးကျုံး၊ ဦးပိန်တံတား၊ စောင်းအလှနှင့် ပုဂံနန်းတွင်းသူ အလှတို့ကို စတေကာရိုက်နှိပ်ထားသောအင်္ကျီများ၊ ဘော်ကြယ်များဖြင့် အလှဆင်ထားသည့် အင်္ကျီများကိုလည်း ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်း - သစ္စာ(MNA)၊ ဓာတ်ပုံ - ဖွဲ့မာန်**

❖ **ပန်းလောင်မြစ်မှ**

လည်ပတ်မည်ဆိုပါက အသွားအပြန် စက်လှေနဲ့ လည်ပတ်ရတယ်။ ခရီးသည်တွေအန္တရာယ်ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီ (Life Jacket) တွေကို မဖြစ်မနေ ဝတ်ဆင်ပေးတယ်။ ပန်းလောင်မြစ်ရေတံခွန်ကို အပေါ်စီးက မြင်ရတဲ့ ပန်းလောင်းမြစ် View Point ကို သွားတဲ့အခါ Travel Guide တစ်ယောက်ကို အနီးကပ် ဝန်ဆောင်မှုပေးထားတယ်။ အထူးအစီအစဉ်အနေနဲ့ နေ့လယ်စာကို ရေသန့်၊ ကော်ဖီ၊ အအေး၊ ကြက်သားကာလသားချက်၊ ဆိတ်သားခြောက်ဖုတ်၊ မြစ်ငါးကြော်၊ ဆူးပုပ်ဟင်းချို၊ ငရုတ်သီးထောင်း၊ ခွေးတောက်ရွက်ကြော်၊ ရေနွေးကြမ်းနဲ့ ညှော့်ခံပါတယ်။ ပန်းလောင်မြစ်ရေတံခွန်၊ ကင်းတားလေးဆည်နဲ့ ပိန္နဲပင်ကြိုးတံတားတို့ကို စက်လှေနဲ့ သွားမယ်ဆိုရင် လူကြီးတစ်ဦးကို ငွေကျပ်ရှစ်သောင်းနဲ့ ဆယ်နှစ်အောက် ကလေးတွေကို ငွေကျပ်ငါးသောင်း ကုန်ကျမှာဖြစ်ပါတယ်။ ဝန်ဆောင်မှုအားလုံး အတွက် ထပ်ဆောင်းပေးဆောင်းစရာမလိုတော့ပါဘူး။ ဒါပေမဲ့ ခရီးစဉ်ပတ်ကေ့တွေတော့ ရှိပါတယ်။ အဲဒါကတော့ ငွေကျပ် ရှစ်သောင်းတန်နဲ့ နှစ်သောင်းတန်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ပတ်ကေ့တွေကို ကြိုတင်မှာယူလိုပါက ၀၉-၈၉၇၄၄၂၈၄ နဲ့ ၀၉-၆၉၃၀၃၆၇၂၇ တို့ကို ဆက်သွယ်နိုင်ပါတယ်ဟု ၎င်းက ပြောသည်။



ပန်းလောင်မြစ်အတွင်း လှေစီးကာ လည်ပတ်လျက်ရှိသည့် ခရီးသွားတစ်ဦးကို တွေ့ရစဉ်။

**လမ်းညွှန်ချက်**

သွားရောက် လည်ပတ်မည်ဆိုပါက ကူမဲမြို့ ၂၁ မိုင်လမ်းခွဲ ကတ္တရာလမ်းမကြီး တည့်တည့်အတိုင်း ကားဖြင့် မိနစ် ၃၀ ခန့် မောင်းလာလျှင် ကင်းတားဆည်ထိပ်သို့ရောက်ရှိမည်ဖြစ်ပြီး လမ်းခွဲအဝင် ညာဘက်တွင် ပန်းလောင်မြစ်သို့ ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ညအိပ်လိုပါက ပန်းလောင်မြစ်ကမ်း တစ်လျှောက် ညအိပ်အပန်းဖြေစခန်း များစွာ ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော ကင်းတားရေလှောင်တမံနှင့် ရေလွှဲဆည်များ၏ ရေပြင်ကျယ်နှင့် သဘာဝရှုခင်းများကြောင့် အလွန်သာယာလှပကာ အနားယူ အပန်းဖြေစရာနေရာ တစ်ခုဖြစ်သည်။ ပူးပြင်းခြောက်သွေ့သော အပူပိုင်းဒေသ အလယ်တွင် စိမ်းလန်းစိုပြည်လျက် ရာသီဥတုကို ထိန်းညှိပေးနေသည့် သဘာဝ အရင်းအမြစ် အိုအေစစ်လေးပင် ဖြစ်ပါသည်။

ထို့ကြောင့် သွားရောက်အပန်းဖြေစရာနေရာ တစ်ခုကို အများပြည်သူ သိရှိရန်အလို့ငှာ ဖော်ညွှန်းလိုက်ရပါသည်။

**သန်းတင်အောင် (ကြေးမုံ)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း

ဥပဒေလေ့လာသူတစ်ဦး

> **လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှမရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea)ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု(Actus Reus)ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်"ဟု ဆောင်းပါးရှင်၏ ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။**

ဩစတြေးလျနိုင်ငံအခြေစိုက် Asia Pacific Center for the Responsibility to Protect မှ အကြီးတန်းသုတေသီ Yuyun Wahyuningrum က ဩစတြေးလျနိုင်ငံ Lowy Institute သုတေသနဌာနမှ လွှင့်တင်ထားသော The Interpreter အမည်ရှိ အင်တာနက် မီဒီယာ ဝက်ဘ်ဆိုက်တွင် "Starvation as a Weapon: The ICJ Myanmar Case Could Redefine Genocide" (အငတ်ထားခြင်းကို လက်နက်တစ်ခုအဖြစ် အသုံးပြုမှု၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံအမှုသည် လူမျိုးသုဉ်းစေမှုကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်စေနိုင်သည်) ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရေးသားထားခဲ့ကြောင်း တွေ့ရှိသတိပြုမိပါသည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး၌ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့အကြား ဖြစ်ပွားနေသော အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအပိုင်းဖြစ်သော နှစ်ဖက်နှုတ်ဖြင့်ထွက်ဆိုစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက် တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင် ယခုဆောင်းပါး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့် ကြည့်လျှင် ဤဆောင်းပါးသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် သုံးသပ်ချက်တစ်ခုဟု ထင်မြင်ရသော်လည်း၊ နောက်ကွယ်တွင် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များရှိနိုင်သည်ကို မှန်းဆသိမြင်နေရသဖြင့် ယင်းဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဥပဒေလေ့လာသူတစ်ဦး၏အမြင်ကို ထုတ်ဖော်တင်ပြရခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဆောင်းပါးရှင်က လူမျိုးသုဉ်းစေမှု Genocide ဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်း၏ ပုဒ်မ(၂)(ဂ) ကို ရည်ညွှန်း၍ သူ၏ကိုယ်ပိုင်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားထားမှုကို တွေ့ရသည်။

အဆိုပါကွန်ဗင်းရှင်း၏ ပုဒ်မ(၂)မှာ လူမျိုးသုဉ်းစေမှုဟု သတ်မှတ်ခေါ်ဆိုနိုင်သောလုပ်ရပ်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ပုဒ်မ(၂)(ဂ)မှာ လူအုပ်စုတစ်စု (နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု) တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် "ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအခြေအနေများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း"နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းလေးထောင်ကျော် ဝေးကွာသော ဩစတြေးလျနိုင်ငံတွင် နေထိုင်သူ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းခုနစ်ထောင်ကျော် ဝေးကွာသော ဂမ်ဘီယာနိုင်ငံကဲ့သို့ပင် ပကတိမြေပြင်အခြေအနေ ဖြစ်ရပ်များနှင့် ကင်းကွာသည့် တစ်ဖက်သတ် သတင်းစကားအချက်အလက်များကို အခြေပြု၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

၎င်းက အမှု၏ပဓာနကိစ္စဖြစ်သော ၂၀၁၇ ခုနှစ်၊ ARSA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို လူအုပ်ဖွဲ့တိုက်ခိုက်ခဲ့ရာမှ ကျယ်ပြန့်သွားခဲ့သည့် ပဋိပက္ခဖြစ်ရပ်မတိုင်မီ ကာလရှည်ကြာစွာကပင် မြန်မာအစိုးရက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်း၍ ယင်းဒေသရှိ ဘင်္ဂါလီ(၎င်း၏အခေါ် ရိုဟင်ဂျာ) အုပ်စုများကို နိုင်ငံမဲ့ဖြစ်စေပြီး တမင်သက်သက် ရည်ရွယ်ချက်ဖြင့် နေထိုင်သွားလာပိုင်ဆိုင်မှုကို ကန့်သတ်၍ လုပ်ကိုင်စားသောက်၍မရ ဖြစ်စေကာ ငတ်မွတ်အောင် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တစ်ဖန် ၂၀၁၇ ခုနှစ် ဖြစ်ရပ်ကြောင့် ယင်းဒေသရှိ ဘင်္ဂါလီအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသောအခါ ထိုသူတို့ပိုင်ဆိုင်သည့် လယ်ယာများကို မြန်မာအစိုးရက သိမ်းယူပြီး စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို သိမ်းဆည်းခြင်း၊ အခြားသူများကို မြေခွဲဝေပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ပြန်သည်။

အဆိုပါစွပ်စွဲချက်များကို လေ့လာပါက ဆောင်းပါးရှင်သည် အကြီးတန်းသုတေသီဟုဆိုသော်လည်း သတင်းအချက်အလက်များကို စနစ်တကျရှာဖွေစုဆောင်း ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်း မရှိဘဲ ရမ်းသန်းစွပ်စွဲမှုများနှင့် ရှေ့နောက်မညီမှုများကို တွေ့ရပေသည်။

ဥပမာအားဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေသည် ယင်းဒေသရှိ ဘင်္ဂါလီအုပ်စုများကို နိုင်ငံမဲ့ဖြစ်စေရန် တမင်ပြုစုပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံသားဖြစ်မှုဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်နိုင်ငံလုံးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား စသည်ဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးထားပြီး ထိုဥပဒေအရ နိုင်ငံသားလက်မှတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားသော ဘင်္ဂါလီနွယ်ဖွားများစွာရှိပြီး ဖြစ်သကဲ့သို့ နိုင်ငံသားအဖြစ် စိစစ်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားဆဲဦးရေမှာလည်း အများအပြားရှိနေသည်မှာ ပကတိအမှန်တရား ဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကျမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမှာမူ မည်သည့်လူမျိုးမဆို တရားမဝင် ဝင်ရောက်လာသူများ အဖြစ်သာ သတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ ကမ္ဘာပေါ်၌လည်း တရားမဝင် ဝင်ရောက်လာသူများနှင့်ပတ်သက်၍ မိမိတို့ဆိုင်ရာ လူဝင်မှုဥပဒေများဖြင့် အသီးသီးအရေးယူဆောင်ရွက်ကြသည်သာဖြစ်၏။

ဩစတြေးလျနိုင်ငံ၌လည်း တရားမဝင် ဝင်ရောက်လာသူများကို တင်းကျပ်စွာ စိစစ်ပြီး ဩစတြေးလျနိုင်ငံအတွင်း၌ ထိန်းသိမ်းရေးစခန်းခုနစ်ခုအပြင် နိုင်ငံပြင်ပဖြစ်သော နော်ရူးကျွန်း၌လည်း ငွေပေး၍ နေရာငှားရမ်းကာ စခန်းဆောက်လုပ်ထားရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသူတို့သည် ယင်းစခန်းများမှ လွတ်လပ်စွာထွက်ခွာ၍ သွားလာခွင့်၊ လယ်ယာလုပ်ကိုင်ခွင့်များ ရရှိကြပါသလောဟု မေးလျှင် ထိုဆောင်းပါးရှင် မည်သို့ဖြေကြားမည်ကို သိလိုလှမိသည်။

မြန်မာနိုင်ငံတွင် ဘူးသီးတောင်၊ မောင်တော အပါအဝင် ဒေသများ၌ ဆောင်းပါးရှင် ကိုယ်တိုင်ဝန်ခံထားသကဲ့သို့ ဘင်္ဂါလီနွယ်ဖွားများသည် လယ်ယာလုပ်ကိုင်ခွင့်၊ ငါး၊ ပုဇွန်မွေးမြူရေးကန်များ လုပ်ကိုင်ခွင့်ရရှိကြသလို အချို့မှာ မြို့ကြီးများ၌ လုပ်ငန်းရှင်ကြီးများအဖြစ်ပင် ရောက်ရှိနေကြသည်ကို မြန်မာနိုင်ငံသားများက သိရှိကြပါသည်။

ထိုသို့ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ဆောင်းပါးရှင်က စွပ်စွဲထားသည့်အပြင် ဥပဒေဆိုင်ရာနှင့်ပတ်သက်၍လည်း သူ၏သိနားလည်မှုမှာ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ဝေးကွာဆဲဖြစ်ကြောင်း တွေ့ရပြန်သည်။

လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှ မရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea) ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု (Actus Reus) ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်" ဟု ဆောင်းပါးရှင်၏ ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏ မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ တရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာရေးသားမှုဖြင့် နိုင်ငံတကာ ကွန်ဗင်းရှင်းဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အကြောင်းမရှိပေ။

အပြည်ပြည်ဆိုင်ရာ တရားရုံး ပဋိညာဉ်ပုဒ်မ(၃၈)အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့်အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်းအရာမပါရှိပေ။ အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်၏ ပုဒ်မ(၆၀)အရ တရားရုံး၏ စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာ ရှိလေသည်။

သို့ပါလျက် ဤကဲ့သို့ တာဝန်မရှိသူတစ်ဦးက ဤအမှုကိစ္စတွင် မဆီမဆိုင် ဝင်ရောက်ပြောကြားနေမှုမှာ ဥပဒေအကြောင်းခြင်းရာများကိုလည်း သေချာစွာမလေ့လာ၊ ပကတိမြေပြင်ရှိ အမှန်တရားများကိုလည်း သေချာမသိဘဲ တောရမ်းပယ်ဖွဲ့ ထင်ကြေးများဖြင့် မဟုတ်မတရား စွပ်စွဲခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်း ရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီတိုက်ပွဲရှောင်လာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက် ထောက်ပံ့ပေးလျက်ရှိသည်။

သို့သော်လည်း အဆိုပါဆောင်းပါးရှင်သည် အင်အားကြီးမားသော မီဒီယာစွမ်းအားကို အလွဲသုံးစားပြုလျက် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်သတင်းအချက်အလက်များဖြင့် မှိုင်းတိုက်၍ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားသေးသိမ်အောင် တမင်သက်သက် ဆောင်ရွက်နေခြင်းသာ ဖြစ်မည်ဟု ယူဆရဖွယ်ရှိပေသည်။ ထိုသို့ မဟုတ်မမှန် လုပ်ကြံပြောဆိုမှုကို မတုံ့ပြန်ဘဲထားရှိပါက အမှားကြာလျှင် အမှန်ထင်သွားတတ်သည့်အတွက် အမှားတွေ့လျှင် အမှန်ပြင်ရမည့် တာဝန်ကိုယူကာ ရေးသားဖြေရှင်းလိုက်ရခြင်း ဖြစ်ပါသတည်း။ ။

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်နှင့် ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့တက်ရောက်ရန် ဩဂုတ် ၂၅ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ညပိုင်းတွင်ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော်မှ တာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုတိယဥက္ကဋ္ဌဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဩဂုတ် ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Ouch Borith နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၂၇ ရက်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၈ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

မြိတ် ဩဂုတ် ၂၉

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသား ဘိုးဘွားများ၏ အစဉ်အလာမပျက် လက်ဆင့်ကမ်းကျင်းပခဲ့ကြသည့် ရိုးရာအမွေအနှစ်တစ်ခုဖြစ်ပြီး ချည်ဖြူဖွဲ့မင်္ဂလာကျင်းပခြင်းဖြင့် မကောင်းသည့်အရာများ ပျောက်ပျက်ကာ ကောင်းမွန်သည့် မင်္ဂလာတရားများ သက်ဝင်ရောက်ရှိစေရန် ရည်ရွယ်ပြီး ဝါခေါင်လဆန်း ၁ ရက်မှစတင်၍ ဝါခေါင်လပြည့်နေ့အထိ နှစ်စဉ်ကျင်းပလေ့ရှိသည်။



ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ပုလဲကေရီခန်းမ၌ ကျင်းပရာ ထားဝယ်မြို့ ချမ်းသာကြီးကျောင်းတိုက် ဆရာတော်၊ မြလင်းအေးဘေးမဲ့တောရ ဆရာတော်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးတို့က ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား မုခ်ဦးကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားကိုကရင်အမျိုးသားသီချင်းဖြင့်ဂုဏ်ပြု၍ ဖားစည်တီးကာ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ချည်ဖြူဖွဲ့မင်္ဂလာကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် မိသားစုများအားလုံး စည်းစည်းလုံးလုံးဖြင့် ပြန်လည်တွေ့ဆုံပြီးလက်ရည်တစ်ပြင်တည်းဖြစ်ခြင်း၊ ချစ်ကြည်ရင်းနှီးစည်းလုံးမှု တိုးပွားစေခြင်းနှင့် ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ ထိန်းသိမ်းခြင်းတို့ကို ထုတ်ဖော် ဆောင်ရွက်ကြသည့် ထူးမြတ်သော မင်္ဂလာအခမ်းအနားဖြစ်ကြောင်း၊ ယခုကဲ့သို့ အခမ်းအနားကို ကရင်ဘိုးဘွားများက လူငယ်မောင်မယ်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ပြီး အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပသည့် သမိုင်းကြောင်းကို ကရင်တိုင်းရင်းသူတစ်ဦးက ရှင်းလင်းတင်ပြ၍ ကရင်ရိုးရာ ဒုံးအက၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး တနင်္သာရီတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကရင်ဘိုးဘွားများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသူများအား ချည်ဖြူဖွဲ့ပေးကြသည်။

မွန်းလွဲပိုင်းတွင် ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား အထိမ်းအမှတ် ရိုးရာလက်ဖွဲ့စိန်ခေါ်ပွဲကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲ ယှဉ်ပြိုင် ထိုးသတ်ကြသည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်အတွင်း စားအုန်းဆီ အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စားအုန်းဆီလက်လီ၊ လက်ကားအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများရောင်းချနေမှုကို စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ငူခရိုင် ဆီကုန်သည်များအသင်းဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးမျိုးအောင်တို့က မြို့ပေါ်ရပ်ကွက်နေပြည်သူများအား သတ်မှတ်ထားသောဈေးနှုန်းများ၊ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျရောင်းချပေးမှု ရှိ/မရှိ၊ နေ့စဉ်ရောင်းချသည့်ဈေးနှုန်းများကိုလည်း ဗီနိုင်းများဖြင့် စနစ်တကျချိတ်ဆွဲရောင်းချပေးမှု ရှိ/မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သုံးခွမြို့နယ်၌ သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

သုံးခွ ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမဝါယမဦးစီးဌာနတွင် သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းများ၊ လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်းနှင့် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့်စနစ်ကျသော စိုက်ပျိုးရေးစနစ်နှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းခြင်းကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မြတ်စုတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီမြလှိုင်က သမဝါယမကဏ္ဍက ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



# ကျောက်တံတားမြို့နယ်၌ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ် ၂၈ ရက်တွင် တိပိဋကနိကာယ မော်လမြိုင်ကျောင်းတိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်တံတားမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးစန်းရွှေ၊ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က MSMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းများ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းကိုယ်စားလှယ် ဒေါ်သီတာအောင်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးသူမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ဒဂုံတက္ကသိုလ်နှင့် သက်န်းကျွန်း ပညာရေးဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်မည့်မြေနေရာ၊ ကျောင်းသူအိပ်ဆောင်ဆောက်လုပ်မည့်မြေနေရာ၊ ပါမောက္ခချုပ်နေအိမ်ဆောက်လုပ်နေမှုနှင့် အပန်းဖြေရိပ်သာဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သက်န်းကျွန်းပညာရေးဒီဂရီကောလိပ်အတွင်းရှိ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့်အတူ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒဂုံတက္ကသိုလ်ရေစုကန်အဆိုပြုနေရာချထားမှုပုံစံများ၊ အားကစားကွင်း၊ ဆရာ ဆရာမ/ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားကျောင်းသူအိပ်ဆောင်နှင့် အပန်းဖြေရိပ်သာ တည်ဆောက်ရေးလုပ်ငန်းများ၊ စာသင်ဆောင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့ပြင် ဒဂုံတက္ကသိုလ်မီးရထားဘူတာရုံ၊ YBS ကားများ စနစ်တကျရပ်နားရေး၊ သုတေသနနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ ရေရှည်အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး မဟာသိပ္ပံနောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ စာတမ်းဖတ်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်တိုင်းတာလျက်ရှိသော ရည်ညွှန်းမှတ်တိုင်များဖြင့် မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် တိုင်းတာလျက်ရှိသော ရည်ညွှန်းမှတ်တိုင် (Continuously Operating Reference Station – CORS) များကို ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းလေးတိုင်နှင့် ပြင်ဦးလွင်မြို့တွင် တစ်တိုင် စုစုပေါင်း ငါးတိုင် တည်ဆောက်ထားပြီး ဂြိုဟ်တုဖြင့် ချိတ်ဆက်၍ ၂၄ နာရီပတ်လုံး အချက်အလက်များ ဖမ်းယူကာ မြေတိုင်းတာရေးလုပ်ငန်းများအတွက် အသုံးပြုဆောင်ရွက်လျက်ရှိသည်။



ရန်ကုန် – မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၁/၄) အနီးတွင် တည်ဆောက်ထားသည့် စဉ်ဆက်မပြတ်တိုင်းတာလျက်ရှိသော ရည်ညွှန်းမှတ်တိုင် (Continuously Operating Reference Station – CORS) NPT2 ကို ယနေ့နံနက်ပိုင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ကြည့်ရှုစစ်ဆေးပြီး CORS မှတ်တိုင်များဖြင့် Network ဖွဲ့စည်းကာ Network RTK နည်းစနစ်ဖြင့် တိုင်းတာနိုင်ကြောင်း၊ တိကျမှုအဆင့်အတန်း အလွန်မြင့်မားပြီး Accuracy ကောင်းမွန်သဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေကုန်သက်သာခြင်း၊ တိုင်းတာရေးကိရိယာဝယ်ယူရမှု သက်သာခြင်း၊ တိကျမှုမြင့်မားခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက်အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်တွင် လှူပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းအနီးရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

သတင်းစဉ်

## မြန်မာအနုညာတခုံသမာဓိများအဖွဲ့ ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

College of Myanmar Arbitrators မြန်မာအနုညာတခုံသမာဓိများအဖွဲ့ ပထမအကြိမ် အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပသည်။

ဦးစွာ မြန်မာအနုညာတခုံသမာဓိများအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာမောင်မောင်သိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ဝဏ္ဏကျော်ထင်ဒေါက်တာမောင်မောင်သိမ်းက ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်အား နာယကအဆောင်အယောင် အပ်နှင်းခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားသော စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေကြောင်းအရ ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) လက်အောက်တွင် မြန်မာနိုင်ငံ အနုညာတခုံသမာဓိဌာနကို သီးခြားဖွဲ့စည်းဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**




## ကြို့ပင်ကောက်မြို့၌ မေခလာငွေစုငွေချေး ပညာရေးသမဝါယမအသင်း စည်းဝေး

ကြို့ပင်ကောက် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မေခလာငွေစုငွေချေးပညာရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အထက (ပန်းတင်)၌ ကျင်းပသည်။



အခမ်းအနားတွင် မေခလာငွေစုငွေချေးပညာရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန်းဌေး၊ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးကျော်မြင့်တို့က သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့ ရွေးချယ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## လဲချားမြို့နယ်၌ ဒေသန္တားခြံ ကွင်းဆင်းကြည့်ရှုစစ်ဆေး

လဲချား ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ပန်ကျေးရွာရှိ ဒေသန္တားခြံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဩဂုတ် ၂၈ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်မှူး၊ လွိုင်လင်ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ဒေသန္တားခြံအတွက် လိုအပ်သည့် ဆေးဝါးများပေးအပ်ကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**❂ ခရစ္စတယ်ပဲလေ့စ်အသင်းမှ**

ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဟာလန်းက နှစ်ဂိုး၊ ချာကီက နှစ်ဂိုး သွင်းယူပေးခဲ့ကာ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဒိုနာရမ်မာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဟာလန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၂၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ တိုက်စစ်မှူးဟာလန်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်ခြောက်ပွဲမှာ သွင်းဂိုး ၁၀ ဂိုးအထိ ခရစ္စတယ်ပဲလေ့စ်အသင်းဘက်ကို သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်စုဆောင်းနိုင်ခဲ့တာကြောင့် ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

# ကမ္ဘာ့ MSME နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးမှ ထုတ်ကုန်အမည်စုစုပေါင်း ၁၁၀ ခန့် ပြသရောင်းချနိုင်ခဲ့



**မကွေး ဩဂုတ် ၂၉**

ကမ္ဘာ့ MSME နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းရှင် စုစုပေါင်း ၂၄ ဦးက စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ချည်ထည်များ၊ လယ်ယာသုံးပစ္စည်းများ၊ သဘာဝမြေဩဇာများ၊ ပြည်ပပို့ကုန်များ စသဖြင့် ထုတ်ကုန်အမည်စုစုပေါင်း ၁၁၀ ခန့် ပြသရောင်းချနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက နိုင်ငံတော်သမ္မတ၏ MSME ဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရန်၊ MSME လုပ်ငန်းရှင်များအတွက် ဈေးကွက်ချဲ့ထွင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ဖြန့်ဝေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ MSME လုပ်ငန်းရှင်များအတွက် ဈေးကွက်ချဲ့ထွင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ MSME လုပ်ငန်းရှင်များအတွက် အလွန်အရေးပါသည့် ဒီဂျစ်တယ် ဝန်ဆောင်မှုများကို လုပ်ငန်းရှင်များက ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် တိုင်းပြည်သူ့ဆေးရုံကြီးတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ/ မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ကုန်စည်စီးဆင်းမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းမော်မြို့နယ်အတွင်း ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်



**မြစ်ကြီးနား ဩဂုတ် ၂၉**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အတွင်း နယ်စပ် ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန် ချောမွေ့စေရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု အတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ယနေ့ဖွင့်လှစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ဖွင့်လှစ်**

အဆိုပါ မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျော၊ ဖရဲ၊ ငရုတ်၊ ရော်ဘာ စသည့်စိုက်ပျိုးရေးသီးနှံပို့ကုန်များနှင့် တစ်ဖက်နိုင်ငံမှ ခွင့်ပြုထားသည့် သွင်းကုန်များအား တရားဝင်ကုန်သွယ်မှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိစေရေး၊ တရားမဝင် ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် ယာယီမြေနေရာများ ကွင်းဆင်းရှာဖွေဆောင်ရွက်ခဲ့ရာ ယခုဖွင့်လှစ်သည့် မိုင်းနားကျေးရွာအတွင်း တောင်သူ ဦးတင်မြင့်ပိုင် မြေနေရာအတွင်းရှိ ကုန်ချိန်းကွင်းနေရာ၌ ကုန်စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါစခန်းဖွင့်ပွဲသို့ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားပြီး ကုန်စစ်ဆေးရေးစခန်း ဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်တို့နှင့်အတူ ဖွင့်လှစ်ပေးကာ စခန်းအတွင်း တစ်ဖက်တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို ဌာနဆိုင်ရာအစုအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုနှင့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကချင်ပြည်နယ်အတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် ကံပိုက်တည်-မြစ်ကြီးနား-မန္တလေး လမ်းကြောင်းနှင့် လွယ်ဂျယ်-ဗန်းမော်-မန္တလေး လမ်းကြောင်းများသည် ၂၀၂၄ ခုနှစ်အတွင်း နယ်မြေလုံခြုံရေး အခြေအနေအရ ယာယီပိတ်ထားခဲ့ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုကို ခံယူ၍ ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွှေမိုးတောင်ဘုရားမုခ်ဦးမြေနေရာတွင် ယာယီဖွင့်လှစ်ဆောင်ရွက်ခဲ့ကာ အဆိုပါ ယာယီ ဖွင့်လှစ်ဆောင်ရွက်စဉ်ကာလအတွင်း သွင်းကုန်/ ပို့ကုန် ယာဉ်အစီးရေ စုစုပေါင်း ၃၆၂၄ စီးတွင် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၅၄၇ သန်းကို ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပမ္ပတီးရပ်ကွက် အောင်ဇေရန်အောင် ဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြစ်ကြီးနားမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများ၊ ခရစ်ယာန်အသင်းတော် ဘုရားကျောင်းမြေနေရာများနှင့် အလှူရှင်များ၏ မြေနေရာများတွင် ခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်စခန်း ၂၀ မှ အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

"ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# လှိုင်မာလာရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်ရွေးချယ်တင်မြှောက်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လှိုင်မာလာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှင့်၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ လှိုင်မာလာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးစိုးမင်းသန့်တို့က အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက အမှုဆောင်များကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ရွေးချယ်ကာ အသင်းသားအားလုံး၏ အတည်ပြုချက်ရယူ၍ ရွေးချယ်တင်မြှောက်သည်။ ထို့နောက် အသင်းသား ၁၂၀ တို့အား အစုပေါ်အမြတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**



❍ MFF ယူ-၁၉ မှ

ပွဲစဉ်(၁၀)အပြီးတွင် Pacific Sun Far အသင်းက ၃၀ မှတ်၊ MIU အသင်းနှင့် YRG အသင်းက ၂၅ မှတ်စီ၊ YCDC Dream Team အသင်းက ၂၂ မှတ်၊ ULAD အသင်းနှင့် Gold Dream အသင်းက ၁၈ မှတ်စီ၊ JV အသင်းက ၁၆ မှတ်၊ United City အသင်းက ကိုးမှတ်၊ Royal Noka အသင်းက ခြောက်မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီရရှိထားပြီး Burmese Warriors အသင်းမှာမူ အမှတ်မရသေးပေ။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MF**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနမှ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငွေးရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်းနှင့် ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေး ပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားများသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ကြေညာခဲ့မှုအပေါ် Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်မှ ၂၈ ရက်ထိ လျှောက်ထားသူ ၉၆၈၆ ဦး ရှိပြီး အဆိုပါ လျှောက်လွှာများထဲတွင် ဌာနမှသတ်မှတ်ထားသော အချက်အလက်အထောက်အထားများ မပြည့်စုံခြင်း/ မကိုက်ညီခြင်းတို့ကြောင့် လျှောက်လွှာ ၂၄၈၂ စောင်ကို လျှောက်ထားသူများထံ ပြန်လည်အကြောင်းကြား ပေးပို့ခဲ့ပြီး ပြည့်စုံသော လျှောက်ထားမှု ၇၂၀၄ စောင်အား ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ တပ်ဆင်ပြီးစီးမှုမှာ ၁၃၃၁ လုံးဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှောက်ထားသူများအား ဆက်လက်စိစစ်၍ Digital Smart Meter အသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ Website မှတစ်ဆင့် လျှောက်ထားမှုစနစ်အရ ဝန်ဆောင်မှုကို လျင်မြန်စွာပေးနိုင်သဖြင့် လျှောက်ထားပြီး ၂၇ နာရီအတွင်း ပထမဦးဆုံးမီတာကို စတင်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်နေပါက ဌာနမှ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် User Guide အား ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ဖော်ပြထားရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) - ၀၆၇-၃၄၁၀၄၆၀

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇

(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



## မိုင်းဖြတ်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်ဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုးဖြတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မိုင်းဖြတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် စိစစ်ဆောင်ရွက်ပေးပြီး Biographic/ Biometric ကောက်ယူ၍ UID နံပါတ် တစ်ပါတည်း ထုတ်ပေးခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို ယမန်နေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝီလ်ဆင်မိုးနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို သက်ဆိုင်ရာကာယကံရှင် ကျောင်းသားကျောင်းသူများထံ ပေးအပ်ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ဆောင်ရွက်ပေး**

ဆက်လက်၍ အဆိုပါခန်းမ၌ မိုင်းဖြတ်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကို ဥပဒေနှင့်အညီ ရရှိကိုင်ဆောင်နိုင်ရေးနှင့် e-ID စနစ်ဖြင့် UID နံပါတ်တစ်ပါတည်းထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းကြိုးပမ်း ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ် ရရှိပြီးသူများအနေဖြင့်လည်း e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID နံပါတ်ရရှိရေး ဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝေန်မြစ်ရေသည် ခုနစ်ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် လေးပေ ကိုးလက်မခန့်သာ ကျန်ရှိတော့သဖြင့် သုံးပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေ နှစ်လက်မခန့်သာ ကျန်ရှိတော့သဖြင့် နှစ်ပေခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေလေးလက်မခန့်သာကျန်ရှိသဖြင့် တစ်ပေ ငါးလက်မခန့် ကျဆင်းသွားသည်။

အဆိုပါ ဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေ ခုနစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေ ခုနစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ


(ယမန်နေ့မှအဆက်)

**(ဆ) လျှောက်ထားသူအကောင့်မှ ပြန်လည်ထွက်ခွာခြင်း**

လျှောက်ထားသူသည် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ် စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် –

(၁) Website ၏ ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ထွက်ရန်" (Sign Out)** ကို Click နှိပ်၍ အကောင့်မှ ပြန်ထွက်နိုင်ပါသည်။




ပုံ(၂၀) လျှောက်ထားသူအကောင့်မှ ပြန်ထွက်ရန်ပြပုံစံ

**(၂) Digital Smart မီတာအသစ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

စနစ်အတွင်းသို့ အောင်မြင်စွာဝင်ရောက်ပြီးပါက အိမ်သုံးမီတာ/ပါဝါမီတာအသစ်အသုံးပြုခွင့် လျှောက်ထားခြင်း စာမျက်နှာသို့ ရောက်ရှိမည်ဖြစ်ပြီး အပေါ်ယာဘက်ထိပ်ရှိ **"လျှောက်လွှာအသစ်"** အစိမ်းရောင်စာသားကို Click နှိပ်၍ စတင်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် မိမိတို့ လျှောက်ထားလိုသော မီတာအမျိုးအစားများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များဟူ၍ သက်ဆိုင်ရာဒေသအလိုက် တိကျစွာခွဲခြားရွေးချယ်ပြီး လျှောက်တင်ရမည်ဖြစ်ပါသည်။



ပုံ(၂၁) သက်ဆိုင်ရာဒေသအလိုက် လျှောက်လွှာများပြပုံစံ

မီတာလျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း မီတာအမျိုးအစားများ အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာ၊ ကန်ထရိုက်တိုက်အိမ်သုံးမီတာနှင့် စက်မှုသုံးပါဝါမီတာဟူ၍ (၄)မျိုး ခွဲခြားသတ်မှတ်ထားပါသည်။ လျှောက်ထားသူသည် မိမိလျှောက်ထားလိုသော တိုင်းဒေသကြီးအလိုက် မီတာအမျိုးအစားကို ရွေးချယ်၍ Click နှိပ်ပြီး လျှောက်လွှာများကို ဆက်လက်ဖြည့်သွင်းရမည်ဖြစ်ပါသည်။

**(က) Digital Smart မီတာအသစ်လျှောက်ထားခြင်း**

မီတာလျှောက်ထားရာတွင် ပထမဦးစွာ စနစ်တွင်ပြသထားသော စည်းမျဉ်းစည်းကမ်းချက်ကို ဖတ်ရှုရမည် ဖြစ်ပါသည်။ အဆိုပါစည်းမျဉ်းစည်းကမ်းချက်ကို သဘောတူလက်ခံကြောင်း အမှတ်အသားကွက် (Checkbox)တွင် အမှန်ခြစ်ပေးရမည်ဖြစ်ပြီး အမှန်ခြစ်ပေးပြီးမှသာ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။



ပုံ(၂၂) မီတာလျှောက်ထားရာတွင်လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ

ဝန်ခံကတိပြုချက်များကို ဖတ်ရှုပြီး လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်အသားကွက် (Checkbox) တွင် အမှန်ခြစ်ပေး၍ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။



ပုံ(၂၃) မီတာလျှောက်ထားရာတွင် ဝန်ခံကတိပြုရမည့်အချက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ရာတွင် ကောက်ခံမည့် သတ်မှတ်နှုန်းထားမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။ ထို့နောက် **"သိမ်းဆည်း၍ ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရပါမည်။



ပုံ(၂၄) မီတာကောက်ခံမည့် သတ်မှတ်နှုန်းထား

လျှောက်ထားသူ၏ အချက်အလက်များကို အောက်ပါအတိုင်း စနစ်တကျ ဖြည့်သွင်းရမည်ဖြစ်ပါသည် –

(၁) လျှောက်လွှာခေါင်းစဉ်များတွင် အနီရောင်ကြယ်အမှတ်အသား (*) ပါရှိသည့် နေရာများကို မဖြစ်မနေ (Mandatory) ပြည့်စုံစွာ ဖြည့်သွင်းရမည် ဖြစ်ပါသည်။

(၂) နေရပ်လိပ်စာ ဖြည့်သွင်းရာတွင် **"မြို့နယ်"** ကို ဦးစွာ ရွေးချယ်ပေးရမည်ဖြစ်ပါသည်။

(၃) မြို့နယ်ကို ရွေးချယ်ပြီးပါက ယင်းမြို့နယ်နှင့်သက်ဆိုင်သည့် **"ခရိုင်"** နှင့် **"တိုင်းဒေသကြီး/ပြည်နယ်"** အချက်အလက်များ စနစ်အတွင်း အလိုအလျောက် ပေါ်လာသည်အထိ ခေတ္တစောင့်ဆိုင်းပေးရမည်ဖြစ်ပါသည်။

(၄) အချက်အလက်များအားလုံးပေါ်လာပြီး မှန်ကန်ပါက **"သိမ်းဆည်း၍ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။



ပုံ(၂၅) ကိုယ်ရေးအချက်အလက်ဖြည့်သွင်းရန်ဖောင်ပုံစံ

ကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏ **နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်)၏ ကာလာဓာတ်ပုံကို** ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ မှတ်ပုံတင်ဓာတ်ပုံ တင်သွင်းရာတွင် အောက်ပါအတိုင်း ခွဲခြား၍ စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည်–

(၁) သတ်မှတ်ထားသော နေရာတွင် မိမိမှတ်ပုံတင်၏ အရှေ့ဘက် မျက်နှာပြင် ဓာတ်ပုံ (သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။

(၂) သတ်မှတ်ထားသော နေရာတွင် မိမိမှတ်ပုံတင်၏ **အနောက်ဘက် မျက်နှာပြင်** ဓာတ်ပုံ(သို့မဟုတ်) စကင်ဖတ်ထားသောဖိုင်ကို တင်သွင်းပါ။

**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် **JPG, JPEG, PNG** အမျိုးအစားများသာ ဖြစ်ရမည် ဖြစ်ပါသည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး **5 MB (5 Megabytes max)** အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ (၂) ပုံလိုအပ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျ ရွေးချယ်ပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။




ပုံ(၂၆) မှတ်ပုံတင်ဖြည့်သွင်းရမည့်ဖောင်ပုံစံ

(ဆက်လက်ဖော်ပြပါမည်)



## ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များ ပေးအပ်

လှိုင်ကော် ဩဂုတ် ၂၉

ကယားပြည်နယ်အစိုးရအဖွဲ့သည် အကြမ်းဖက်အဖွဲ့များ၏ တိုက်ပွဲများကြောင့် လှိုင်ကော်မြို့တွင် ယာယီရောက်ရှိနေထိုင်ကြသည့် လှိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာအုပ်စု ဘုရားနီကျေးရွာမှ ပြည်သူ ၃၄၆ ဦးနှင့် ဖရူဆိုမြို့နယ်မှ ပြည်သူ ၂၇၇ ဦး စုစုပေါင်း ၆၂၃ ဦးအတွက် ဆန် ၁၅၅ အိတ်နှင့် ဆီ ၃၁၁ ပိဿာကို ယနေ့တွင် လှိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

အဆိုပါအခြေခံစားသောက်ကုန်များကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းကလည်း ပြည်နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ မင်္ဂလာရပ်ကွက်ရှိ မိုးကောင်းဘုရားနှင့် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု၊ ဘုရားပရိဝုဏ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ချုံမြက်များရှင်းလင်းမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မွန်ပြည်နယ်အတွင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး၊ အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၉

နိုင်ငံအတွက် နှစ်ပေါင်းများစွာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖြည့်ဆည်းပေးနိုင်ရေးအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အဆိုပါအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြား၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးဝါးများပေးအပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## မကွေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

မကွေး ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က မကြီးကန်ကျေးရွာရှိရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့၌ ဗီယက်နန်စပါးမျိုး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၂၈ တင်းထွက်ရှိ

ကြို့ပင်ကောက် ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီအတွင်းဗီယက်နန်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၂၇ ရက်က သခွတ်ကုန်းကျေးရွာမှ တောင်သူဦးဝမ်းတင်၏ ဗီယက်နန်စပါးစိုက်ခင်း ကိုးဧက၌ ပြုလုပ်သည်။



အဆိုပါ ဗီယက်နန်စပါးမျိုးအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အကူအညီဖြင့် ဝယ်ယူစိုက်ပျိုး နှင့် ယူရီယားဓာတ်မြေဩဇာ ထားခြင်းဖြစ်ပြီး သဘာဝမြေဩဇာ ပေါင်းစပ်ထည့်သွင်း စိုက်ပျိုးထားခြင်းဖြစ်ကြောင်း စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၂၈ တင်းခန့် ထွက်ရှိခဲ့ကြောင်း ယခင်နှစ်က တစ်ဧကလျှင် တင်း ၁၁၀ ခန့်သာ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များဖြင့် စိုက်ပျိုးခဲ့သောကြောင့် အထွက်နှုန်း တိုးတက်ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး



တွံတေး ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် ပုဇွန်တောင်မြို့နယ်မှ အကျုံးဝင်မှတ်ပုံတင်ထားသည့် Million Mart Co.,ltd. တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အာမခံအလုပ်သမား ဦးဖြိုးသက်ဦး၏ အလုပ်ခွင်ပြင်ပတွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဦးဖြိုးသက်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ အား ဖခင်ဖြစ်သူ ဦးစိုးနိုင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**

## သမဝါယမကဏ္ဍမှ ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မတည်ထောက်ပံ့ငွေပေးအပ်

ဘားအံ ဩဂုတ် ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမဦးစီးဌာနက ဘားအံမြို့နယ်အတွင်း သမဝါယမကဏ္ဍမှကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်လွင်ရက်ကန်း ကုန်ထုတ်သမဝါယမအသင်းလီမိတက်သို့ ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေပေးအပ်ပွဲကို ဘားအံမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကရင်ရိုးရာအဝတ်အထည်များကို အရည်အသွေးကောင်းမွန်သော ချည်ထည်များရက်လုပ်နိုင်ရေး၊ ဈေးကွက်သို့ ပိုမိုတင်ပို့ဖြန့်ဖြူးနိုင်ရေး၊ သမဝါယမအသင်းထုတ်ကုန်အဖြစ် ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေးတို့အတွက် ဆွေးနွေးပြောကြားခဲ့ပြီး သမဝါယမအသင်းသားများအား ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေကျပ် သိန်းနှစ်ထောင်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ဩစတြေးလျနိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာကိုသာ အသုံးပြု၍ ဖန်တီးထားသည့် သီချင်းများကို Top Ten စာရင်းတွင် ထည့်သွင်းခွင့်ပြုမည်မဟုတ်

**ဆစ်ဒနီ ဩဂုတ် ၂၉**

ဩစတြေးလျနိုင်ငံ၏ တေးသံသွင်းလုပ်ငန်းက ဉာဏ်ရည်တုနည်းပညာကိုသာ အသုံးပြု၍ ဖန်တီးထားသည့် သီချင်းများကို ၎င်းတို့၏ Top Ten တေးသီချင်းစာရင်းတွင် ထည့်သွင်းခွင့်ပြုမည်မဟုတ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

**ပြင်ဆင်သတ်မှတ်**

ဩစတြေးလျ တေးသံသွင်းလုပ်ငန်းအသင်း (ARIA) သည် နိုင်ငံ၏ တေးသီချင်းစာရင်းများကို စီမံခန့်ခွဲလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ တေးသံသွင်းလုပ်ငန်းက ချမှတ်ထားသော မူဝါဒများနှင့်အညီ ၎င်းတို့၏ စည်းမျဉ်းများကို ပြင်ဆင်သတ်မှတ်ခဲ့သည်။

စည်းမျဉ်းအသစ်များအရ ဉာဏ်ရည်တုနည်းပညာကို အဓိကထား၍ သို့မဟုတ် လုံးဝအသုံးပြု၍ ဖန်တီးထားသော သီချင်းများသည် ဩစတြေးလျ တေးသံသွင်းလုပ်ငန်းအသင်း၏ အဓိက တေးသီချင်းစာရင်းများတွင် ပါဝင်ခွင့်ရရှိမည် မဟုတ်ပေ။

သို့သော် ဉာဏ်ရည်တုနည်းပညာကို သီချင်းတစ်ပုဒ်လုံးအတွက် လုံးလုံးလျားလျား အသုံးပြုထားခြင်းမျိုးမဟုတ်ဘဲ အနည်းငယ်အသုံးပြုထားခြင်းကို လက်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြင်ဆင်သတ်မှတ်ချက်သည် လာမည့်အပတ် တေးသီချင်းစာရင်းများမှ စတင်၍ အသက်ဝင်စေမည်ဖြစ်သည်။

ဩစတြေးလျ DJ တစ်ဦးက မက်ဒေါနား၏ ၁၉၈၉ ခုနှစ်က နာမည်ကျော်ခဲ့သော “Like a Prayer” သီချင်းကို ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ ပြန်လည်ဖန်တီးခဲ့ပြီးနောက် ယခုဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။

အဆိုပါ ပြန်လည်ဖန်တီးထားသော သီချင်းသည် ဩစတြေးလျနိုင်ငံအတွင်း ရေဒီယိုမှ အဖွင့်အများဆုံးသီချင်းဖြစ်လာခဲ့သလို ထိပ်တန်းသီချင်း ၁၀ ပုဒ်စာရင်းတွင်လည်း ပါဝင်ခဲ့သည်။




ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီးစ်သည် ပြီးခဲ့သည့်လက ဉာဏ်ရည်တု နည်းပညာနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံအတွင်းရှိ အနုပညာရှင်များနှင့် မီဒီယာများ၏ ဖန်တီးမှုလက်ရာများကို အကောင်းဆုံးဖြစ်နိုင်သည့် နည်းလမ်းများဖြင့် ကာကွယ်စောင့်ရှောက်ပေးသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နီပေါနိုင်ငံ၌ ရွှံ့မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် တံတားပေါင်း ၃၀ ကျော် ပျက်စီးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အခက်အခဲဖြစ်

**ခေတ္တမန္ဒူ ဩဂုတ် ၂၉**

နီပေါ-တရုတ် နယ်စပ်ဒေသတွင် ဖြစ်ပွားခဲ့သော ရွှံ့မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများအပြီးတွင် ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ နှေးကွေးနေကြောင်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။



**ပြောကြား**

နီပေါနိုင်ငံ၏ အထိခိုက်အများဆုံးဒေသများတွင် လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်ပြီး တံတားပေါင်း ၃၀ ကျော် ပျက်စီးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ခတ္တမန္ဒူရုံးတာဝန်ခံ မာဆုဇာကီ မီဇူကီက ပြောကြားခဲ့သည်။

နီပေါအာဏာပိုင်များက အကူအညီများပေးအပ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်များကို စေလွှတ်ထားသော်လည်း မိုးလေဝသအခြေအနေ ဆိုးရွားမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိတွင် နီပေါနိုင်ငံ၌ မိုးရာသီကာလဖြစ်နေပြီး မြေပြိုမှုကဲ့သို့သော နောက်ဆက်တွဲဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရသည့်ဒေသများသို့ သွားလာရေး ပိုမိုခက်ခဲလာနိုင်သည့် အန္တရာယ်ရှိနေကြောင်း မာဆုဇာကီက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အနေဖြင့် နီပေါအစိုးရနှင့် ဂျပန်နိုင်ငံ၏ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပြီး ရွက်ဖျင်တဲများ၊ စောင်များနှင့် အလွယ်တကူ ရွှေ့ပြောင်းနိုင်သော ရေသိုလှောင်ကန်များကဲ့သို့သော ပစ္စည်းများ ပံ့ပိုးပေးရန် တောင်းဆိုချက်ကို လက်ခံရရှိထားပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အဆိုပါ ပစ္စည်းများကို တတ်နိုင်သမျှ အမြန်ဆုံးပေးပို့နိုင်ရေး ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း မာဆုဇာကီက ပြောကြားခဲ့သည်။

နီပေါအာဏာပိုင်များ၏ အတည်ပြုချက်အရ လက်ရှိအချိန်အထိ သေဆုံးသူ ၅၇၉ ဦးရှိပြီး လူပေါင်း ၁၉၂၄ ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

တရုတ်နိုင်ငံပိုင် မီဒီယာများ၏ ဖော်ပြချက်အရ တရုတ်နိုင်ငံဘက်ခြမ်းတွင် သေဆုံးသူ ခုနစ်ဦးနှင့် ပျောက်ဆုံးသူ ၅၅၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# လူသားအကူအညီမပါဘဲ ကိုယ်တိုင်ပစ်ခတ်နိုင်သော လက်နက်စနစ်များနှင့်ပတ်သက်သည့် စည်းမျဉ်းများ အမြန်ဆုံးချမှတ်ရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်း

**ကုလသမဂ္ဂ ဩဂုတ် ၂၉**

ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီကော်မတီတို့က လူသားအကူအညီမပါဘဲ ကိုယ်တိုင်ပစ်ခတ်နိုင်သော လက်နက်စနစ်များ (Autonomous Weapons Systems)နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို အမြန်ဆုံးချမှတ်ကြရန် နိုင်ငံများအား တိုက်တွန်းခဲ့သည်။

အဆိုပါ လက်နက်စနစ်များသည် လူသားတို့၏ ပါဝင်ပတ်သက်မှုမရှိဘဲ ပစ်မှတ်များကို ရွေးချယ်တိုက်ခိုက်ရန်အတွက် ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြုထားခြင်းကြောင့် ကျင့်ဝတ်ဆိုင်ရာနှင့် အခြားသော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ထိန်းချုပ်ရေးဆိုင်ရာဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

ဉာဏ်ရည်တု နည်းပညာသုံးစက်များက လူသားများကို ကိုယ်တိုင်ပစ်မှတ်ထား တိုက်ခိုက်သည့် ကျင့်ဝတ်ဆိုင်ရာ အရေးပါသော စည်းမျဉ်းမျဉ်း (moral red line) တစ်ခုကို ကျော်လွန်မိတော့မည့် အန္တရာယ်ရှိသော အခြေအနေသို့ ကျွန်ုပ်တို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာကြက်ခြေနီကော်မတီတို့က ယမန်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ခုတွင် ပြောကြားခဲ့သည်။



၎င်းတို့က ကိုယ်တိုင်လည်ပတ်လုပ်ဆောင်နိုင်သော လက်နက်စနစ်များကို ထိန်းချုပ်ရန်အတွက် ရှင်းလင်းပြတ်သားသော တားမြစ်ချက်များနှင့် ကန့်သတ်ချက်များ ပါဝင်သည့်ဥပဒေအရ အာဏာသက်ရောက်မှုရှိသော စာချုပ်စာတမ်းတစ်ခုကို အရေးပေါ် ပြဋ္ဌာန်းသတ်မှတ်ရန် တောင်းဆိုခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်က ဗင်နီဇွဲလား၏ ရေနံသိုက်အများစုကို ထိန်းချုပ်နိုင်ရန် သဘောတူညီချက်ရရှိ

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလားနိုင်ငံ၏ အတည်ပြုထားသော ရေနံစည်ပေါင်း ၆၅ ဘီလီယံကျော်အနက် အများစုကို အမေရိကန်က ထိန်းချုပ်နိုင်ရန် သဘောတူညီချက်ရရှိထားပြီဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ထရမ့်က အမေရိကန်နှင့် ဗင်နီဇွဲလားတို့အကြား ရေနံဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။ အဆိုပါ ကြေညာချက်သည် အီရန်နှင့် ပဋိပက္ခဖြစ်ပွားနေမှုကြောင့် အမေရိကန်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းများ မြင့်မားနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခုအရောင်းအဝယ် သဘောတူညီချက်ကြောင့် အမေရိကန်၏ ရေနံသိုလှောင်ပမာဏသည် နှစ်ဆကျော် တိုးလာမည်ဖြစ်ပြီး နိုင်ငံ၏ ရေနံထောက်ပံ့မှုလည်း သိသိသာသာတိုးလာမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

ထို့ပြင် ယင်းသဘောတူညီချက်သည် အမေရိကန်ပြည်သူအားလုံးအတွက် ဓာတ်ဆီဈေးနှုန်းများကို ရေရှည်ကာလအထိ သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ ယင်းသဘောတူညီချက်အရ ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းတည်ထောင်မည့် ဖက်စပ်လုပ်ငန်းအသစ်၏ ထုတ်လုပ်မှုမှ အမေရိကန်က ၅၅ ရာခိုင်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဗင်နီဇွဲလားပြည်သူများအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါး ရရှိလာစေမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကို ရူဘီယိုက ပြောကြားခဲ့သည်။ ထို့ပြင် လစာကောင်းမွန်သော အလုပ်အကိုင် ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်ပြီး ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေး ပြန်လည်တည်ဆောက်ရေးကို အရှိန်မြှင့်ပေးရာရောက်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းဆောင်ရွက်ပေး

သန်းဇော်
(ဗဟိုစာရင်းအင်းအဖွဲ့)

**ကလေးအလုပ်သမားဆိုသည်မှာ အသက်မပြည့်သေးသည့် ကလေးများကို ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့်အလုပ်များတွင် လုပ်ကိုင်စေခြင်းကို ဆိုလိုသည်။ ယင်းပြဿနာသည် လူမှုရေးကိစ္စတစ်ခုသာမက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ဆက်နွယ်နေသော အရေးကြီးပြဿနာတစ်ရပ်လည်း ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် International Labour Organization နှင့် UNICEF တို့ကလည်း ကလေးအလုပ်သမားပပျောက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။**

**ကမ္ဘာ့ကလေးအလုပ်သမားအခြေအနေ**

၂၀၂၆ ခုနှစ် အစောပိုင်းအထိ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမား ၁၃၈ သန်းခန့်ရှိပြီး ၅၄ သန်းနီးပါးသည် အန္တရာယ်ရှိသော အလုပ်များတွင် လုပ်ကိုင်နေကြရသည်။ ၂၀၀၀ ပြည့်နှစ်တွင် ၂၄၆ သန်း ရှိခဲ့ရာမှ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်ကို ပြည့်မီခဲ့ခြင်းမရှိသောကြောင့် ပိုမိုမြန်ဆန်သောနှုန်းဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

ကလေးအလုပ်သမားအများဆုံးကို အာဖရိကဒေသတွင် တွေ့ရှိနိုင်ပြီး ၈၆ ဒသမ ၆ သန်းရှိပါသည်။ ဒုတိယအများဆုံးကို အာရှနှင့် ပစိဖိတ်ဒေသတို့တွင် တွေ့ရှိရပါသည်။ ကလေးအလုပ်သမားများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် လုပ်ကိုင်နေကြပြီး ဝန်ဆောင်မှုလုပ်ငန်းတွင် ၂၀ ရာခိုင်နှုန်းနှင့် စက်မှုလုပ်ငန်းတွင် ၁၀ ရာခိုင်နှုန်း ရှိပါသည်။

စီးပွားရေးအရ ယောက်ျားလေးများသည်ကလေးအလုပ်သမားများတွင် ပါဝင်နိုင်ခြေပိုများသော်လည်း အခကြေးငွေမရသော အိမ်မှုကိစ္စများတွင် မိန်းကလေးများလုပ်ကိုင်နေမှုကို ထည့်သွင်းစဉ်းစားပါက ကျား၊ မ ကွာဟချက် ကျဉ်းမြောင်းပါသည်။ ကလေးအလုပ်သမားကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးခြင်း၊ လူမှုရေးကာကွယ်စောင့်ရှောက်မှုအားနည်းခြင်းနှင့် အရည်အသွေးပြည့်မီသော ပညာရေးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကလေးအလုပ်သမား ပပျောက်ရေးအတွက် ILO နှင့် UNICEF တို့က ဖော်ပြထားသည့်အချက်များမှာ အစိုးရများအနေဖြင့် လူမှုရေးကာကွယ်မှုတွင် ရင်းနှီးမြှုပ်နှံရန်၊ ပညာရေးကို လက်လှမ်းမီစေရန်နှင့် ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် စီးပွားရေးတာဝန်ခံမှုရှိစေရန် တို့ ဖြစ်ပါသည်။

**ကလေးအလုပ်သမားများ၏ နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှု**

**(၁) တစ်ဦးချင်း အရည်အသွေး လျော့နည်းစေခြင်း**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် လူ့စွမ်းအားအရင်းအမြစ်နှင့် တစ်ဦးချင်းအရည်အသွေးအပေါ် အခြေခံသည်။ ကလေးအလုပ်သမားများသည် ကျောင်းနေရမည့်အရွယ်တွင် ကျောင်းထွက်ပြီး အလုပ်လုပ်ကြရခြင်းကြောင့် တစ်ဦးချင်း၏ ပညာရေးအဆင့်နိမ့်ကျသွားသည်။ ရေရှည်တွင် ပညာတတ်ကျွမ်းကျင်လုပ်သားများ လုံလောက်စွာ ဖြစ်ပေါ်မလာနိုင်တော့သည့် အခြေအနေတွင် ထုတ်လုပ်မှုစွမ်းရည်ကို လျော့နည်းစေသည်။

**(၂) ဆင်းရဲမှုသံသရာ ဆက်လက်တည်ရှိစေခြင်း**

ကလေးအလုပ်သမားများသည် ဆင်းရဲမှုကြောင့် အလုပ်လုပ်ကြရာမှ လတ်တလောတွင် မိသားစုဝင်ငွေနှင့် နိုင်ငံ့ဝင်ငွေကိုတိုးစေသော်လည်း ပညာမသင်ရခြင်းကြောင့် အနာဂတ်တွင် ကျွမ်းကျင်မှုမရှိသော လစာနည်းပါးသည့်အလုပ်များတွင်သာ ဆက်လက်လုပ်ကိုင်ကြရပြီး ဆင်းရဲမှုသံသရာတွင် ဆက်လက်တည်ရှိစေနိုင်သည်။

**(၃) နိုင်ငံတကာ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းစေခြင်း**

ကလေးအလုပ်သမားအသုံးပြုမှုများသော နိုင်ငံများသည် လူ့အခွင့်အရေးစံနှုန်း မပြည့်မီခြင်းနှင့် ထုတ်ကုန်များတွင် အရည်အသွေးနိမ့်ကျမှုရှိနိုင်ခြင်းတို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် ယုံကြည်မှုလျော့နည်းနိုင်သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအပေါ်တွင်လည်း သက်ရောက်မှု ဖြစ်ပေါ်စေနိုင်သည်။

**(၄) ကျန်းမာရေးနှင့် လူမှုစရိတ်မြင့်မားစေခြင်း**

ကလေးအလုပ်သမားများသည် အန္တရာယ်ရှိသောအလုပ်များတွင် လုပ်ကိုင်ရခြင်း၊ အရွယ်နှင့်မမျှသောအလုပ်များကို လုပ်ကိုင်ရခြင်းတို့ကြောင့် ကျန်းမာရေးပြဿနာများဖြစ်ပေါ်နိုင်သည်။ ထိုအခြေအနေများသည် အစိုးရအတွက် ကျန်းမာရေးနှင့် လူမှုကူညီစရိတ်များ မြင့်မားစေသည်။

**ကလေးအလုပ်သမား လျှော့ချရေး**

**(၁) ဆင်းရဲမှု လျှော့ချရေးမူဝါဒများ**

မိသားစုဝင်ငွေတိုးတက်စေရန် အလုပ်အကိုင်ဖန်တီးခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပံ့ပိုးခြင်း၊ လူမှုကာကွယ်ရေးအစီအစဉ်များ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(၂) အရည်အသွေးမြင့်ပညာရေး အခမဲ့ပံ့ပိုးခြင်း**

ပညာရေးရရှိမှုသည် ရေရှည်စီးပွားရေးတိုးတက်မှု၏ အခြေခံဖြစ်သောကြောင့် ကလေးများအားလုံး ကျောင်းပညာရရှိနိုင်ရန် ကျောင်းစရိတ်လျှော့ချခြင်း၊ ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ ကျောင်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ဖြင့် ကလေးများကို ကျောင်းဆက်လက် တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**(၃) ဥပဒေပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း**

ကလေးအလုပ်သမားတားမြစ်ရေးဥပဒေများကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ပြီး လုပ်ငန်းရှင်များအား ဥပဒေကို လေးစားလိုက်နာစေရေး ပညာပေးခြင်း၊ လုပ်ငန်းခွင်စစ်ဆေးမှုများ တိုးမြှင့်ခြင်းနှင့် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးခြင်းတို့ လိုအပ်ပါသည်။

**(၄) လူမှုအသိပညာမြှင့်တင်ခြင်း**

မိဘများနှင့် ကလေးများအပါအဝင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ကလေးအလုပ်သမား၏ ရေရှည်ဆိုးကျိုးများကို သိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကလေးများ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိစေရေး စည်းရုံးခြင်း၊ ကျောင်းသားမိဘများအား အလုပ်အကိုင်ဖန်တီးပေးခြင်း၊ လူမှုအထောက်အပံ့ပေးခြင်း ဆောင်ရွက်မှုများ မြှင့်တင်ပေးရန် လိုအပ်ပါသည်။

> **❝ မိဘများနှင့် ကလေးများအပါအဝင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ကလေးအလုပ်သမား၏ ရေရှည်ဆိုးကျိုးများကို သိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကလေးများ စာသင်ခန်းသို့ ပြန်လည်ရောက်ရှိစေရေးစည်းရုံးခြင်း၊ ကျောင်းသားမိဘများအား အလုပ်အကိုင်ဖန်တီးပေးခြင်း၊ လူမှုအထောက်အပံ့ပေးခြင်းဆောင်ရွက်မှုများ မြှင့်တင်ပေးရန် လိုအပ် ❞**

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆောင်ရွက်ချက်**

မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျှော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအကာအကွယ်ပေးနိုင်ရန်၊ အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၅ နှစ်စီမံကိန်း သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ်သတ်မှတ်ပြီး ပထမငါးနှစ်စီမံချက် ၂၀၁၉ မှ ၂၀၂၃ ခုနှစ်ထိ၊ ဒုတိယငါးနှစ်စီမံချက် ၂၀၂၄ မှ ၂၀၂၈ ခုနှစ်ထိ၊ တတိယငါးနှစ်စီမံချက် ၂၀၂၉ မှ ၂၀၃၃ ခုနှစ်အထိ သတ်မှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏လုပ်ငန်းကော်မတီ (၈) ရပ် ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

**ပေါင်းစပ်ဆောင်ရွက်**

ကလေးအလုပ်သမားသည် ကာလတိုတွင် ဝင်ငွေတိုးတက်မှု အနည်းငယ်ကို ပေးစွမ်းနိုင်သော်လည်း ရေရှည်တွင် လူ့စွမ်းအားအရည်အသွေး လျော့နည်းစေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဆင်းရဲမှုလျှော့ချရေး၊ ပညာရည်တိုးတက်ရေးနှင့် ဥပဒေအကောင်အထည်ဖော်မှုတို့ကို ပေါင်းစပ်ဆောင်ရွက်မှသာ ကလေးအလုပ်သမားပြဿနာကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခိုင်မာတိကျသော အခြေခံအချက်အလက်များကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရှိစေခြင်း ရည်မှန်းချက်များဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် လုပ်ငန်းရှင်များ၊ အိမ်ထောင်စုများ၊ ကလေးများနှင့် စီမံချက်အကောင်အထည်ဖော်ဆောင်နေသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ ကလေးအလုပ်သမားပပျောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**Reference:**

- **အလုပ်သမားဝန်ကြီးဌာန၏ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၄–၂၀၂၈ ခုနှစ်)**
- **Joint ILO and UNICEF, Child Labor: Global estimates 2024, trends and the road forward.**

## ရေးမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေး အလှူငွေပေးအပ်

**ရေး ဩဂုတ် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က ရန်ကြီးအောင်ရပ်ကွက် မရမ်းကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ရေးမြို့နယ် မရမ်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအရှင်ပညာဇောတက ဩဝါဒကထာ ချီးမြှင့်ပေးပြီး ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၃၅၁ သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအဖွဲ့ဝင် ဦးညွန့်ဆွေက လက်ခံရယူသည်။

**ရည်ရွယ်တည်ဆောက်**

အဆိုပါ ရေးမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးကို ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန်နှင့် သာသနာရေးဆိုင်ရာများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ



## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများလေ့လာ



နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတ များစွာရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရွာသစ်ကုန်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် ကျောက်ဖြူတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

မြိတ် ဩဂုတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အလက-ခွဲ(ကလွင်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြိတ်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၆ ဦးအား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲစတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ စိတ်ကြိုက် ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့က ဒို့တောရွာ၊ လက်ခတ်သံ၊ လယ်တောသူ ရွှေညာသူသီချင်းများဖြင့် လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ နှစ်ပါးသွားအက ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့လေးဖွဲ့က သစ္စာထားနှစ်ပါးသွား အကအလှများဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာ့ဆိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ငါးဖွဲ့က မြိုင်ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတစ်ဦးချင်း (စောင်း) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးက ပန်းဟောဝန် သီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲ(ပတ်ဝိုင်း)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးက အောင်မင်္ဂလာ ယိုးဒယားသီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်တီးခတ်ကြသည်။



အလားတူ ညပိုင်းတွင်နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကိုပါဝင်က ပြယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

## စေတနာရောင်းဝယ်ရေးသမဝါယမအသင်း စည်းဝေး

သထုံ ဩဂုတ် ၂၉

မွန်ပြည်နယ် သထုံမြို့နယ် စေတနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က အဆိုပါ အသင်းရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အသင်းတာဝန်ရှိသူတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်တာ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့်အမှုဆောင်သစ်များကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ကြကာ အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူ၍ ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

**(ယမန်နေ့မှအဆက်)**

၁၀၅။ MMS UNECE R 152:2020 M1 နှင့် N1 မော်တော်ယာဉ်များ၏ အဆင့်မြင့်အရေးပေါ်ဘရိတ်စနစ် (AEBS)နှင့် စပ်လျဉ်း၍ မော်တော်ယာဉ် အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၆။ MMS ISO 10282:2023 တစ်ခါသုံး ပိုးသတ်ထားသော ရော်ဘာ ခွဲစိတ်ခန်းသုံး လက်အိတ်များ – စံသတ်မှတ်ချက်

၁၀၇။ MMS ISO 11193–1:2020 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း (၁) – ရော်ဘာစေးရည် သို့မဟုတ် ရော်ဘာအရည်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၈။ MMS ISO 11193–2:2006 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း(၂) – ပိုလီဗီနိုင်းကလိုရိုက်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၉။ MMS ASTM A 370 –24a သံမဏိထုတ်ကုန်များ၏ စက်မှုစမ်းသပ်ခြင်းအတွက် စံသတ်မှတ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၁၀။ MMS ASTM A 706/A 706 M–25 ကွန်ကရစ်အားဖြည့်ရန်အတွက် အစင်းပါသောနှင့် သတ္တုစပ်နည်းပါးသော ရိုးရိုးသံမဏိချောင်းများအတွက် စံသတ်မှတ်ထားသော သတ်မှတ်ချက်

၁၁၁။ MMS ASTM A 751–25 သံမဏိထုတ်ကုန်များအား ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် သတ်မှတ်ထားသော စမ်းသပ်နည်းများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၂။ MMS ASTM C 62–23 ဆောက်လုပ်ရေးလုပ်ငန်းသုံးအုတ်များ (မြေစေး(သို့မဟုတ်) ကျောက်စေးဖြင့် ပြုလုပ်ထားသော အတွင်းပိတ်အုတ်များ) အတွက် စံသတ်မှတ်ချက်

၁၁၃။ MMS ASTM C 67/ C 67M–25 အုတ်နှင့်ဖွဲ့စည်းပုံဆိုင်ရာ မြေခဲအုတ်ပြားများအား နမူနာယူခြင်းနှင့် စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ထားသော စမ်းသပ်နည်းလမ်းများ

၁၁၄။ MMS ISO 247–2:2018 ရော်ဘာ – ပြာမှုန်ပါဝင်မှုသတ်မှတ်ခြင်း – အပိုင်း (၂) – အပူချိန်ဖြင့် ဒြပ်ထုပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်း (TGA)

၁၁၅။ MMS ISO 4074:2026 သဘာဝရော်ဘာစေးဖြင့် ပြုလုပ်ထားသော အမျိုးသားသုံး ကွန်ဒုံးများ – လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၁၆။ MMS ISO 6101–6:2018 ရော်ဘာ – အက်တမ်စုပ်ယူမှု ရောင်စဉ်တိုင်းကိရိယာဖြင့် သတ္တုပါဝင်မှုဆုံးဖြတ်ခြင်း – အပိုင်း(၆) – မဂ္ဂနီဆီယမ်ပါဝင်မှုဆုံးဖြတ်ခြင်း

၁၁၇။ MMS ISO 23464:2020 နိုက်ထရိုင်းလ် (Nitrile) ဖြင့် ပြုလုပ်ထားသော သန့်စင်ခန်းသုံးလက်အိတ်များ – စံသတ်မှတ်ချက်

၁၁၈။ MMS ISO/IEC 27002:2022 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေး – သတင်းအချက်အလက် လုံခြုံရေးအတွက် ထိန်းချုပ်ရေးနည်းလမ်းများ

၁၁၉။ MMS ISO 20022–1:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း(၁) – မီတာမော်ဒယ် (အခြေခံပုံစံဖွဲ့စည်းမှု)

၁၂၀။ MMS ISO 20022–2:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၂) – UML (ပေါင်းစပ်မော်ဒယ်လ် ဘာသာစကား) ပရိုဖိုင်

၁၂၁။ MMS ISO 20022–3:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၃) – ပုံစံဖွဲ့စည်းခြင်း

၁၂၂။ MMS ISO 20022–4:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၄) – XML Schema ဖန်တီးခြင်း

၁၂၃။ MMS ISO 20022–5:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း(၅) – အယူအဆအဆင့် အပြန်အလှန်ချိတ်ဆက်သုံးစွဲနိုင်မှုနှင့် နောက်ပြန်ဆန်းစစ်ခြင်း

၁၂၄။ MMS ISO 20022–6:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၆) – မက်ဆေ့ချ် ပို့ဆောင်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

၁၂၅။ MMS ISO 20022–7:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံသတ်မှတ်ချက် – အပိုင်း (၇) – စာရင်းသွင်းခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း

၁၂၆။ MMS ISO 20022–8:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၈) – ASN.1 ဖန်တီးခြင်း

၁၂၇။ MMS ISO/TR 23455:2019 ဘလော့ချိန်းနှင့်ဖြန့်ဝေထားသော စာရင်းအင်းနည်းပညာများ – ဘလော့ချိန်းနှင့် DLT စနစ်များရှိ စမတ်စာချုပ်များ၏ ခြုံငုံသုံးသပ်ချက်နှင့် ၎င်းတို့အကြား အပြန်အလှန်ဆက်စပ်ဆောင်ရွက်မှုများ

၁၂၈။ MMS ISO/ASTM 52900:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အခြေခံအချက်များနှင့် ဝေါဟာရ

၁၂၉။ MMS ISO/ASTM 52901:2017 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဝယ်ယူထားသော AM အပိုင်းအစများအတွက် လိုအပ်ချက်များ

၁၃၀။ MMS ISO/ASTM 52910:2018 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ(Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – လိုအပ်ချက်များ၊ လမ်းညွှန်မှုများနှင့် အကြံပြုချက်များ

၁၃၁။ MMS ISO/ASTM 52911–1:2019 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ဒီဇိုင်းပုံဖော်ခြင်း – အပိုင်း(၁) – သတ္တုများအတွက် လေဆာအသုံးပြု၍ အမှုန့်အလွှာကို ပေါင်းစပ်အရည်ကျိုသည့်နည်းလမ်း

၁၃၂။ MMS ISO/ASTM 52915:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) ဖိုင် ပုံစံသတ်မှတ်ချက် (AMF) အတွက် စံသတ်မှတ်ချက် – ဗားရှင်း ၁.၂

၁၃၃။ MMS ISO/ASTM 52927:2024 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အဓိကဂုဏ်သတ္တိများနှင့် ယင်းတို့အတွက် သက်ဆိုင်ရာ စစ်ဆေးနည်းများ

၁၃၄။ MMS ISO/ASTM 52942:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းများ – အာကာသယာဉ်သုံးလေဆာအမှုန့်အလွှာပေါင်းစပ် သတ္တုထုတ်လုပ်ရေးစက်များနှင့်စက်ပစ္စည်းများအတွက် စက်ကိုင်တွယ်သူများ၏ အရည်အချင်း သတ်မှတ်ခြင်း

၁၃၅။ MMS ISO/ASTM 52950:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – ဒေတာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၆။ MMS ISO 17295:2023 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အထွေထွေအခြေခံမှုများ – ထုတ်လုပ်မည့်အစိတ်အပိုင်း၏ နေရာချထားခြင်း၊ ကိုဩဒီနိတ်စနစ်နှင့် ဦးတည်ချက် သတ်မှတ်ခြင်း

၁၃၇။ MMS ISO 17296–2:2015 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အပိုင်း (၂) – ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်အသုံးပြုသော ပစ္စည်းများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၈။ MMS ISO 740:1976 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကာဗွန်နိတ် – စုစုပေါင်းပျော်ဝင်သည့်အယ်လ်ကာလီပမာဏကို တိုင်းတာခြင်း – တိုက်ထရေးရှင်း ဓာတ်ခွဲနည်းစဉ်

၁၃၉။ MMS ISO 918:1983 စက်မှုလုပ်ငန်းသုံး အငွေ့ပြန်နိုင်သော အော်ဂဲနစ်အရည်များ – ပေါင်းခံခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း

၁၄၀။ MMS ISO 2480:1972 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကလိုရိုက် – ဆာလ်ဖိတ်ပါဝင်မှုကို တိုင်းတာခြင်း – ဘေရီယမ်ဆာလ်ဖိတ် ဂရက်ဗီမက်ထရစ်နည်းစဉ်

၁၄၁။ MMS ISO 5796:2000 ရော်ဘာပေါင်းစပ်ပါဝင်ပစ္စည်းများ – သဘာဝကယ်လ်စီယမ်ကာဗွန်နိတ် – စမ်းသပ်ခြင်းနည်းစဉ်

၁၄၂။ MMS ISO 701:1998 နိုင်ငံတကာဂီယာအမှတ်အသားစနစ်– ဂျီဩမေတြီဆိုင်ရာ သင်္ကေတများ

၁၄၃။ MMS ISO 1122–1:1998 + Cor 1:1999 + Cor 2:2009 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း (၁) – ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၄၄။ MMS ISO 1122–2:1999 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း (၂) – worm ဂီယာအတွက် ဂျီဩမေတြီဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁၄၅။ MMS ISO 21049:2004 ပန့်များ – centrifugal နှင့် rotary ပန့်များအတွက် Shaft sealing စနစ်များ

၁၄၆။ MMS ISO 21630:2007 ပန့်များ – စမ်းသပ်စစ်ဆေးခြင်း – ရေဆိုးများနှင့် အလားတူအရာများအတွက် အသုံးပြုသည့် ရေအောက်ရောနှောစက်များ

၁၄၇။ MMS 64 : 2026 ဒီဇယ်ဆီ (500 ppm, 50 ppm, 10 ppm) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၈။ MMS 65 : 2026 E10 Gasohol (RON 70) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၉။ MMS 66 : 2026 ဓာတ်ဆီ (RON 91) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၀။ MMS 67 : 2026 ဓာတ်ဆီ (RON 92) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၁။ MMS 68 : 2026 ဓာတ်ဆီ (RON 95) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၂။ MMS 69 : 2026 ဓာတ်ဆီ (RON 97) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၃။ MMS ISO 21625:2020 ဝါးနှင့် ဝါးထွက်ကုန်ပစ္စည်းများဆိုင်ရာ ဝေါဟာရများ

၁၅၄။ MMS ISO 21626–1:2020 ဝါးမီးသွေး – အပိုင်း (၁) – ယေဘုယျအချက်များ

၁၅၅။ MMS ISO 21626–2:2020 ဝါးမီးသွေး – အပိုင်း(၂) – လောင်စာအဖြစ် အသုံးပြုခြင်း

၁၅၆။ MMS ISO 21626–3:2020 ဝါးမီးသွေး – အပိုင်း (၃) – သန့်စင်ခြင်းဆိုင်ရာ အသုံးပြုမှုများ

၁၅၇။ MMS ISO 21629–1:2021 ဝါးဖြင့်ပြုလုပ်ထားသော ကြမ်းခင်းပြားများ – အပိုင်း (၁) – အိမ်တွင်း၌ အသုံးပြုခြင်း

၁၅၈။ MMS ISO/IEC/IEEE 12207:2026 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဆော့ဖ်ဝဲဘဝဖြစ်စဉ်လည်ပတ်မှုလုပ်ငန်းစဉ်များ

၁၅၉။ MMS ISO/IEC 20000–10:2018 သတင်းအချက်အလက်နည်းပညာ – ဝန်ဆောင်မှုစီမံခန့်ခွဲမှု – အပိုင်း (၁၀) – အယူအဆများနှင့်ဝေါဟာရများ

၁၆၀။ MMS ISO/IEC/IEEE 24748–1:2024 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဘဝဖြစ်စဉ်လည်ပတ်မှုအား စီမံခန့်ခွဲခြင်း – အပိုင်း (၁) – ဘဝဖြစ်စဉ်လည်ပတ်မှုစီမံခန့်ခွဲရန် လမ်းညွှန်ချက်များ

၁၆၁။ MMS ISO/IEC/IEEE 24765:2017 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – ဝေါဟာရများ

၁၆၂။ MMS ISO/IEC 25000:2014 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ– စနစ်နှင့်ဆော့ဖ်ဝဲအရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – SQuaRE အတွက် လမ်းညွှန်

၁၆၃။ MMS ISO/IEC 25010:2023 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေးလိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – ထုတ်ကုန်အရည်အသွေးမော်ဒယ်

၁၆၄။ MMS ISO/IEC/IEEE 27032:2023 ဆိုက်ဘာလုံခြုံရေး – အင်တာနက်လုံခြုံရေးအတွက် လမ်းညွှန်ချက်များ:

၁၆၅။ MMS ISO/IEC 27701:2025 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာကာကွယ်မှု – ကိုယ်ရေးကိုယ်တာအချက်အလက် စီမံခန့်ခွဲမှုစနစ်များ– လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၁၆၆။ MMS ISO/IEC 29110–4–3:2018 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – အလွန်သေးငယ်သောအဖွဲ့အစည်းများ (Very Small Entities (VSEs)) အတွက် ဘဝဖြစ်စဉ်လည်ပတ်မှုပရိုဖိုင်များ – အပိုင်း (၄–၃) – ဝန်ဆောင်မှုပေးအပ်ခြင်း – ပရိုဖိုင်သတ်မှတ်ချက်

၁၆၇။ MMS ISO/IEC/IEEE 29119–1:2022 ဆော့ဖ်ဝဲနှင့် စနစ်အင်ဂျင်နီယာ – ဆော့ဖ်ဝဲစမ်းသပ်ခြင်း – အပိုင်း (၁) – အထွေထွေအယူအဆများ

၁၆၈။ MMS ISO/IEC/IEEE 90003:2018 ဆော့ဖ်ဝဲအင်ဂျင်နီယာ – ကွန်ပျူတာဆော့ဖ်ဝဲတွင် ISO 9001:2015 ကို အသုံးချရန် လမ်းညွှန်ချက်များ

၁၆၉။ MMS ISO 12100:2010 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ဒီဇိုင်းဆွဲခြင်းအတွက် ယေဘုယျစည်းမျဉ်းများ– ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်း

၁၇၀။ MMS ISO/TR 22100–1:2021 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့်ဆက်စပ်မှု အပိုင်း (၁) – ISO 12100 သည် အမျိုးအစား–B နှင့် အမျိုးအစား–C စံချိန်စံညွှန်းများနှင့်မည်သို့ဆက်စပ်ပုံ

**စာမျက်နှာ ၁၉ သို့ ☆**

☆ စာမျက်နှာ ၁၈ မှ

၁၇၁။ MMS ISO/TR 22100–2:2013 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်နွှယ်ပုံ –အပိုင်း (၂) – ISO 12100 သည် ISO 13849–1 နှင့် မည်သို့သက်ဆိုင်ပုံ

၁၇၂။ MMS ISO/TR 22100–3:2016 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်နွှယ်ပုံ– အပိုင်း(၃) – ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများတွင် လူသားချင်းစာနာမှုဆိုင်ရာ (Ergonomic) မူများ ကျင့်သုံး အကောင်အထည်ဖော်ခြင်း

၁၇၃။ MMS ISO 32000–1:2008 စာရွက်စာတမ်းစီမံခန့်ခွဲမှု – သယ်ယူရလွယ်ကူသော စာရွက်စာတမ်းပုံစံ အပိုင်း (၁) – PDF 1.7

၁၇၄။ MMS ISO/IEC TR 24368:2022 သတင်းအချက်အလက်နည်းပညာ – ဉာဏ်ရည်တုနည်းပညာ – ကျင့်ဝတ်ဆိုင်ရာ နှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ စိုးရိမ်မှုများ၏ ခြုံငုံသုံးသပ်ချက်

၁၇၅။ MMS ISO/IEC TR 63306–1:2020 စမတ်ကျသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြေပုံ (SM2) – အပိုင်း(၁) –မူဘောင်

၁၇၆။ MMS IEC TR 63319:2025 စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ရည်ညွှန်းပုံစံများကို မီတာ–မော်ဒယ်လ်အသုံးပြု၍ ဆန်းစစ်လေ့လာသည့်နည်းလမ်း

၁၇၇။ MMS ISO 8000–1:2022 ဒေတာအရည်အသွေး – အပိုင်း (၁)– ခြုံငုံသုံးသပ်ချက်

၁၇၈။ MMS ISO 10303–1:2024 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း – ထုတ်ကုန်အချက်အလက်ဖော်ပြခြင်းနှင့်ဖလှယ်ခြင်း – အပိုင်း (၁) – ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၇၉။ MMS ISO 15926–10:2019 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစည်းခြင်း – ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းသုံး စက်ရုံများအတွက် သက်တမ်းလည်ပတ်မှု ဒေတာပေါင်းစည်းခြင်း– အပိုင်း (၁၀) – လိုက်လျောညီထွေမှုစမ်းသပ်ခြင်း

၁၈၀။ MMS ISO 22745–1:2010 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း – ပွင့်လင်းသော နည်းပညာဆိုင်ရာ အဘိဓာန်များနှင့် ၎င်းတို့ကိုအခြေခံဒေတာ (Master Data) တွင်အသုံးပြုခြင်း – အပိုင်း(၁) – ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၈၁။ MMS ISO 20492–2: 2008 အဆောက်အဦများတွင် အသုံးပြုသောမှန် – လျှပ်ကာမှန် – အပိုင်း(၂) – ဓာတုအငွေ့များကြောင့် ဖန်မျက်နှာပြင်မှုန်ဝါးမှုအား စမ်းသပ်ခြင်း

၁၈၂။ MMS ISO 21690: 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် – ဖန်တုံးများ – အတိုင်းအတာသတ်မှတ်ချက်များနှင့် စမ်းသပ်ခြင်းနည်းလမ်းများ

၁၈၃။ MMS ISO 59004:2024 စက်ဝိုင်းစီးပွားရေးစနစ် – အကောင်အထည်ဖော်ရန်အတွက် ဝေါဟာရများ၊ အခြေခံမူများနှင့် လမ်းညွှန်ချက်များ

## မြိတ်မြို့၌ ပြည်သူများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပေး

မြိတ် ဩဂုတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ ဥပဒေအသိပညာရရှိပြီး ဥပဒေ၏အကာအကွယ်ကို ရရှိစေရန်နှင့် ဥပဒေအား လေးစားလိုက်နာစေရန်အတွက် ယနေ့ နံနက် ၁၀ နာရီတွင် ကလွင်ကျေးရွာ တောရအထက်ကျောင်းဓမ္မာရုံ၌ ပြည်သူများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပေးသည်။

သင်တန်းပေးရာတွင် တာဝန်ရှိသူများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာများ ဆွေးနွေးပို့ချသင်ကြားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးရေးဥပဒေ



အကြောင်းဆွေးနွေးပို့ချခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## သီးနှံအာမခံစနစ်များ ဖော်ဆောင်နိုင်ရေးနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၂၉

တောင်သူလယ်သမားများအတွက် သင့်လျော်သည့် သီးနှံအာမခံစနစ်များ ဖော်ဆောင်နိုင်ရေးနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် တောင်သူလယ်သမားဘဝမြှင့်တင်ရေး ပေါင်းစည်းအသင်းနှင့် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းကို လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က ပြုလုပ်သည်။

### လက်မှတ်ရေးထိုး

ဦးစွာ တောင်သူလယ်သမားဘဝမြှင့်တင်ရေး ပေါင်းစည်းအသင်း ဥက္ကဋ္ဌ ဦးသက်ဇော်က တောင်သူလယ်သမားများ လက်ရှိရင်ဆိုင်နေရသည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အာမခံလုပ်ငန်းကဏ္ဍမှ ပိုမိုထိရောက်သည့် အကာအကွယ်များပေးနိုင်ရေးကို အဓိကထား ဆွေးနွေးပြီး ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းသန့်က ယခင်က ဆောင်ရွက်ခဲ့သည့် သီးနှံအာမခံလုပ်ငန်းများ၏ အခြေအနေများ၊ အာမခံအကာအကွယ်ပေးနိုင်မှု အတွေ့အကြုံများနှင့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကာ နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ MoU မှတစ်ဆင့် တောင်သူလယ်သမားများ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် သီးနှံအာမခံအစီအစဉ်များ ဖော်ဆောင်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံဈေးနှုန်းဆိုင်ရာအခက်အခဲများကို လျှော့ချနိုင်ရေးအတွက် အာမခံအကာအကွယ်များ တိုးမြှင့်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများအတွက် အကာအကွယ်ပေးနိုင်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝတည်ငြိမ်တိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆက်လက်ဖော်ဆောင်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကိုထက်

## မြောက်ဥက္ကလာပမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်)ပူဇော်ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ ပထမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ (အလွတ်) ပူဇော်ရွတ်ဆိုပြိုင်ပွဲ ဆုရအသင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး ယာဉ်ရပ်နားဝင်းသုံးထပ်ဆောင် သာသနာ့ဗိမာန်တော်ကြီး ပထမထပ်၌ ကျင်းပသည်။



ဦးစွာ ဓမ္မစကြာ(အလွတ်) ပူဇော်ရွတ်ဆိုပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာမင်္ဂလဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒနှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာမင်္ဂလဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုလိန္ဒကတို့က ဩဝါဒစကား မိန့်ကြားသည်။ ယင်းနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာ(အလွတ်) ပူဇော်ရွတ်ဆိုပြိုင်ပွဲ ဒုတိယအကြိမ်မြောက် ထပ်မံ ကျင်းပနိုင်ရေးအတွက် မတည်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဆုများရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပခြင်းဖြစ်ပြီး အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပထမဆု ငွေကျပ်သိန်း ၄၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆုငွေကျပ် ၁၀ သိန်း၊ ပဉ္စမဆုငွေကျပ်ရှစ်သိန်း အခြားပြိုင်ပွဲဝင် ဆုမရရှိသည့် အသင်းများကိုလည်း ငွေကျပ်ငါးသိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## အာဖရိကဝက်အပြင်းဖျားရောဂါ (ASF)နှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများ သိရှိလိုက်နာရန်အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွား၍ သေဆုံးသောဝက်သားများကို စားသုံးမိပါက လူများပါ ရောဂါကူးစက်နိုင်သည်ဟူသော မှားယွင်းသည့် ကောလာဟလသတင်းများ ပြည်သူလူထုအတွင်း ထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများ မရှိစေရန်နှင့် အချက်အလက်မှန်ကန်စွာ သိရှိနိုင်စေရန် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့၏ သိပ္ပံနည်းကျ အတည်ပြုချက်များအရ အောက်ပါအတိုင်း အသိပေး ရှင်းလင်းအပ်ပါသည်–

(၁) **လူသားများသို့မကူးစက်ခြင်း** – အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) သည် ဝက်များကိုသာ အဓိကကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူသားများသို့ လုံးဝ (လုံးဝ) မကူးစက်တတ်ပါ (Not zoonotic)။ သေဆုံးသွားသော ဝက်၏အသားကို စားသုံးမိခြင်းကြောင့် လူ၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်းမရှိပါ။

(၂) **အစားအသောက်ဘေးကင်းလုံခြုံရေး (Food Safety)** – ဗိုင်းရပ်စ်ကိုယ်တိုင်က လူကို မကူးစက်သော်လည်း ရောဂါဖြစ်ပွားသော ဝက်သားများတွင် အခြားသောဗက်တီးရီးယားပိုးမွှားများ တွဲဖက်ပါရှိလာနိုင်ခြေရှိသဖြင့် သံသယရှိသည့် အသားနှင့် အသားထွက်ပစ္စည်းများကို ဝယ်ယူစားသုံးခြင်း မပြုပါရန်နှင့် ဝယ်ယူရာတွင်လည်း သန့်ရှင်းလတ်ဆတ်မှုကို ဂရုစိုက်ရန်နှင့် စားသုံးရာတွင် အပူချိန်လုံလောက်စွာပေး၍ အနည်းဆုံး 70°C နှင့်အထက်ဖြင့် ကျက်အောင် (စနစ်တကျ) ချက်ပြုတ်စားသုံးကြရန် လိုအပ်ပါသည်။

(၃) **ဈေးကွက်အတွင်း စစ်ဆေးမှုများ** – သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု ကွင်းဆက်တစ်လျှောက်တွင် ကျန်းမာရေးစစ်ဆေးမှုများကို အထူးကြပ်မတ် လုပ်ဆောင်လျက်ရှိပါသည်။


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့်အသားများကို လုံလောက်စွာအပူပေး၍ ချက်ပြုတ်စားသုံးကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ခေတ်သစ်စက်မှုလောကကို တိတ်တဆိတ်လွှမ်းမိုးလာသည့် ဝါး

**သံမဏိထက်ပင် ပိုမိုမာကျောနိုင်သော အမျှင်များပါရှိသည့် ရောမမြက်ပင်ကြီးတစ်မျိုး အမှန်တကယ်ရှိသည်။ ယင်းက ခေတ်သစ်စက်မှုလုပ်ငန်းကို တိတ်ဆိတ်စွာ ပြောင်းလဲပေးနေသည်။ အဆိုပါ မြက်ပင်ကြီးတစ်မျိုးမှာ အများက သဘာဝတရား၏ အစိမ်းရောင်သံမဏိဟု တင်စားခေါ်ဝေါ်ကြသည့် "ဝါး"ပင် ဖြစ်သည်။**

ကိုပြည်



ဝါးအသုံးပြုအဆောက်အအုံများ။

တစ်ခါသုံး တူများ၊ ပိုက်များ၊ သွားတိုက်တံများမှသည် ကြမ်းခင်းများ၊ ပရိဘောဂများနှင့် ဆောက်လုပ်ရေး ပစ္စည်းများအထိ ဝါးသည် လျင်မြန်စွာ ကြီးထွားမှု၊ အလွယ်တကူပြုပြင် ဖန်တီးနိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှုတို့ကြောင့် ကမ္ဘာပေါင်းစုံတွင် သစ်သားနှင့် ပလတ်စတစ်နေရာ၌ တဖြည်းဖြည်းအစားထိုးဝင်ရောက်လာနေပြီ ဖြစ်သည်။ ဤရိုးရှင်းသည့် အသွင်အပြင်၏ နောက်ကွယ်တွင် ရိတ်သိမ်းခြင်း၊ ခွဲခြားရွေးချယ်ခြင်း၊ ကုန်ကြမ်းပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ပါဝင်သည့် အပြည့်အဝ ခေတ်မီလှသော ထုတ်လုပ်မှုကွင်းဆက်တစ်ခု ရှိနေသည်ကိုမူ လူသိနည်းလှသည်။ ယင်းမှာ သေသပ်လှပသော ရိုးရာလက်မှုပညာနှင့် အလွန်တိကျသော စက်ယန္တရားများ၏ အချိုးကျပေါင်းစပ်မှုတစ်ခုပင် ဖြစ်သည်။

### ပလတ်စတစ်ကို အစားထိုးမည့် အစိမ်းရောင်ရွှေ

ဝါးသည် အစိမ်းရောင်ကုန်ကြမ်း တစ်ခုမျှသာ မဟုတ်တော့ဘဲ ကမ္ဘာတစ်ဝန်းတွင် ဒေါ်လာဘီလီယံချီတန်သော ဈေးကွက်တစ်ခုအဖြစ် ကြီးထွားလာနေပြီဖြစ်သည်။ သုံးစွဲသူကုန်ထုတ်ကုန်များ၊ ဆောက်လုပ်ရေး၊ ပရိဘောဂ၊ စက္ကူနှင့် အထည်အလိပ်လုပ်ငန်းများအထိ ကျယ်ပြန့်သော ဝါးလုပ်ငန်းသည် ယခုအခါ တစ်နှစ်လျှင် ဒေါ်လာ ၆၀ ဘီလီယံကျော် ဝင်ငွေရရှိနေပြီး လျင်မြန်စွာ ဆက်လက်တိုးချဲ့လျက်ရှိသည်။ အာရှနိုင်ငံများစွာ၊ အထူးသဖြင့် တရုတ်နိုင်ငံတွင် ဝါးသည် ကျေးလက်ဝင်ငွေကို မျိုးစုံဖြစ်စေရုံသာမက စက်ဝိုင်းပုံ စီးပွားရေးမဟာဗျူဟာများတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။

ပလတ်စတစ် အမှိုက်များသည် သဘာဝပတ်ဝန်းကျင်အတွက် ဆိုးရွားသည့် အကျိုးဆက်များကို ချန်ထားခဲ့သည်။ ပလတ်စတစ်အိတ်များဖြင့် ပြည့်နှက်နေသော သမုဒ္ဒရာများမှသည် အစာကွင်းဆက်ထဲသို့ ဝင်ရောက်လာသော မိုက်ခရိုပလတ်စတစ်များအထိ ဆွေးမြည့်ပျက်စီးနိုင်ခြင်း မရှိသော ပလတ်စတစ်များ ဆက်လက်ပုံလာသည်နှင့်အမျှ ဤပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဝါးသည် လျင်မြန်စွာပြန်လည်ပြည့်ဖြိုးနိုင်စွမ်း၊ ကျယ်ပြန့်သော အသုံးချနိုင်မှုတို့နှင့်အတူ ပလတ်စတစ်၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေရန် အလားအလာရှိသော အစားထိုးစရာတစ်ခုအဖြစ် ပေါ်ထွက်လာနေသည်။

ဝါးကို ဤမျှဝယ်လိုအားများစေသည့် အဓိကအကြောင်းရင်းတစ်ခုမှာ အလွန်အမင်း မြန်ဆန်သောကြီးထွားမှုနှုန်းကြောင့်ဖြစ်သည်။ အကောင်းဆုံး အခြေအနေများအောက်တွင် အချို့သော ဝါးမျိုးစိတ်များသည် ၂၄ နာရီအတွင်း ၉၁ စင်တီမီတာအထိ ကြီးထွားနိုင်ရာ ယင်းသည် လေးနှစ်အရွယ်ကလေးတစ်ဦး၏ အရပ်ခန့်ရှိပြီး ကမ္ဘာပေါ်တွင် အမြန်ဆုံး ကြီးထွားသည့်အပင် ဖြစ်လာစေသည်။ ရိတ်သိမ်းပြီးနောက် ပြန်လည်စိုက်ပျိုးရန် မလိုအပ်သည့် အလွန်တိုတောင်းသော မျိုးပွားခြင်းစက်ဝန်းနှင့်အတူ ဝါးကို ကမ္ဘာ့အလားအလာ အကောင်းဆုံး ရေရှည်တည်တံ့သော ကုန်ကြမ်းများထဲမှ တစ်ခုအဖြစ်ရှုမြင်ကြပြီး သစ်သား၊ ပလတ်စတစ်နှင့် အခြားသော ရိုးရာ သယံဇာတများကို အစားထိုးရန် ယှဉ်ပြိုင်နိုင်စွမ်းရှိသူ ဖြစ်လာခဲ့သည်။

> **ညီညာသောမြေပြင်တွင်မှု နည်းပညာက ကစားပွဲကို ပြောင်းလဲပေးခဲ့သည်။ အထူးပြု ဝါးရိတ်သိမ်းစက်များသည် ရိတ်သိမ်းစက်နှင့် ဟိုက်ဒရောလစ်ကရိန်း နှစ်မျိုး စပ်ထားသည့်ပုံစံရှိပြီး ယင်းတို့၏ ဖြတ်တောက်သည့် လက်တံများက စက်ဝိုင်းအပြည့်လည်ပတ်နိုင်သည်။ သိပ်သည်းသော ဝါးရုံများကို စက္ကန့်ပိုင်းအတွင်း ဖြတ်တောက်နိုင်သည့် မာကျောသော အလွှိုင်းဓားသွားများ တပ်ဆင်ထားကာ တစ်နာရီအတွင်း စက်တစ်လုံး တည်းဖြင့် ဝါးလုံးပေါင်း ၁၅၀ ကျော်ကို ဆောင်ရွက်နိုင်**

### ခေတ်မီနည်းပညာနှင့် ရိုးရာလက်မှုတို့ ပေါင်းဆုံရာ

ရေရှည်တည်တံ့သော စိုက်ပျိုးရေး၏ အစိမ်းရောင်ရွှေအဖြစ် ချီးကျူးခံရသော ဝါးကို အများစုထင်ထားသလို အများအပြားခုတ်ယူရန် မလွယ်ကူလှပါ။ ဝါးအများစုသည် ညီညာသော စက်မှုလယ်ယာမြေများနှင့်မတူဘဲ စက်ယန္တရားများ လုံးဝနီးပါးသွားလာ၍မရသော မတ်စောက်သည့် တောင်စောင်းများနှင့် ကြမ်းတမ်းသော ကျောက်တောင်မြေများတွင် ပေါက်ရောက်ကြသည်။

ထိုနေရာများတွင် တောင်သူများသည် ရိုးရာနည်းပညာများကိုသာ အားထားနေရဆဲဖြစ်သည်။ ဝါးပင်တစ်ပင်စီကို ခွဲစိတ်ခေးကဲ့သို့ ထက်မြက်သော အကွေးပုံစံဓားဖြင့်ခုတ်ပြီး ဝါးပင်တစ်ခုလုံးကို လက်ဖြင့်မချိုးမီ အခြေပိုင်းအထိ နက်ရှိုင်းစွာခုတ်ထည့်ရသည်။ နံနက်ခင်းမြူနှင်းများကြား ဝါးပင်များ ကျိုးကျသံနှင့်အတူ မြေပြင်ပေါ်သို့ ကိုင်းညွတ်လုပ်ကိုင်နေရသည့် မြင်ကွင်းက မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းလာခဲ့သည့် စိတ်ရှည်မှုနှင့် ကျွမ်းကျင်မှုကို ထင်ဟပ်စေသည်။

သို့သော် ညီညာသောမြေပြင်တွင်မူ နည်းပညာက ကစားပွဲကို ပြောင်းလဲပေးခဲ့သည်။ အထူးပြု ဝါးရိတ်သိမ်းစက်များသည် ရိတ်သိမ်းစက်နှင့် ဟိုက်ဒရောလစ်ကရိန်း နှစ်မျိုးစပ်ထားသည့် ပုံစံရှိပြီး ယင်းတို့၏ ဖြတ်တောက်သည့်လက်တံများက စက်ဝိုင်းအပြည့်လည်ပတ်နိုင်သည်။ သိပ်သည်းသော ဝါးရုံများကို စက္ကန့်ပိုင်းအတွင်း ဖြတ်တောက်နိုင်သည့် မာကျောသော အလွှိုင်းဓားသွားများ တပ်ဆင်ထားကာ တစ်နာရီအတွင်း စက်တစ်လုံးတည်းဖြင့် ဝါးလုံးပေါင်း ၁၅၀ ကျော်ကို ဆောင်ရွက်နိုင်သည်။

လက်လုပ်လက်စားထက် အဆပေါင်းများစွာ ပိုမိုမြန်ဆန်သည့်အပြင် အမြစ်ထိခိုက်မှုကိုလည်း လျှော့ချပေးကာ နောင်ပြုပြင်ထုတ်လုပ်ရာတွင် လိုအပ်သည့် လတ်ဆတ်မှုကိုလည်း ထိန်းသိမ်းပေးသည်။ ခုတ်လှဲပြီးစတောများမှ ဝါးများကို ခွဲခြားရွေးချယ်သည့် စခန်းများသို့ ယူဆောင်လာရာမှ စက်မှုလုပ်ငန်းခရီးစဉ် အမှန်တကယ် စတင်ပြီဖြစ်သည်။ ကျွမ်းကျင်လုပ်သားများက စက်များ မကြာခဏ မမြင်နိုင်သော အက်ကြောင်းငယ်များ၊ ပုံမှန်မဟုတ်သော အဆစ်များ သို့မဟုတ် ဖုံးကွယ်နေသော မှိုလက္ခဏာများကဲ့သို့သော အသေးစိတ်အချက်အလက်များကိုရှာဖွေစစ်ဆေးကြရသည်။

တင်းကျပ်သော စစ်ဆေးရေးစံနှုန်းများအရ ဂရုမစိုက်သော ဆုံးဖြတ်ချက်တစ်ခုကြောင့် ဝါးတစ်သုတ်လုံးကို ပယ်ချခံရနိုင်သည်။ ဤအဆင့်သည် မည်သည့် ဝါးများသည် ခေတ်မီထုတ်လုပ်မှုကွင်းဆက်ထဲသို့ ဝင်ရောက်ရန် ထိုက်တန်ကြောင်း ဆုံးဖြတ်ပေးသည့် အရည်အသွေးထိန်းချုပ်မှု၏ ပထမဆုံးသော တံခါးပေါက်ဖြစ်သည်။

### တိကျသေချာသော စက်မှုလုပ်ငန်းစဉ်များ

ဂရုတစိုက် ရွေးချယ်စစ်ဆေးထားသော ဝါးများမှတစ်ဆင့် စားသုံးသူ ထုတ်ကုန်များ စတင်ပုံဖော်မည့် နောက်အဆင့်စတင်သည်။ ထုတ်ကုန်အမျိုးအစားတစ်ခုစီသည် ကွဲပြားသောချဉ်းကပ်မှု လိုအပ်သော်လည်း အားလုံးသည် သန့်ရှင်းတိကျစွာ ဖြတ်တောက်ခြင်းနှင့် အလေအလွင့်မရှိစေခြင်းဟူသော တူညီသည့် စတင်မှုမူဝါဒကို ကျင့်သုံးကြသည်။ တစ်ခါသုံးတူများအတွက် အထူး ဖြတ်တောက်စက်များသည် တောင့်တင်းထက်မြက်ပြီး အကြွင်းမဲ့ထိန်းချုပ်မှု အောက်တွင်ရှိသော စက်မှုလုပ်ငန်းသုံး ခွဲစိတ်ခေးများကဲ့သို့ လုပ်ဆောင်ကြသည်။

ဝါးလုံးများကို ကွန်ဗေယာပေါ်တွင် တင်ကာ စက်ပိုင်းဆိုင်ရာညှပ်များဖြင့် တင်းကျပ်စွာညှပ်ထားပြီးနောက် မရပ်မနား လည်ပတ်နေသော အလွှိုင်းဓားသွားတန်းများဆီသို့ လမ်းညွှန်ပို့ဆောင်ပေးသည်။ အပတ်တိုင်းတွင် ဝါးပင်များကို မီလီမီတာအထိ တူညီသောသေးငယ်သည့် အပိုင်းအစများစွာအဖြစ် လှီးဖြတ်သည်။ အချို့သောစက်ရုံများက ပိုမိုခိုင်မာသော ဝါးဆစ်များနှင့် ဓားသွားများတွေ့ဆုံသည့်အခါတိုင်း ဖြတ်တောက်မှုစည်းချက်ကို ချိန်ညှိပေးသည့် ခုခံမှုအာရုံခံကိရိယာများ ပေါင်းထည့်ခြင်းဖြင့် ပိုမိုရှေ့တိုးလုပ်ဆောင်ကြသည်။ ထွက်လာသောအစအနများကို လေလုံသော စုပ်ယူမှုစနစ်ဖြင့် စုဆောင်းပြီး ဇီဝဒြပ်စင်အဖြစ် ပြန်လည်အသုံးပြုသည်။

အမြန်နှုန်းကို ဦးစားပေးသော တစ်ခါသုံးတူများနှင့်မတူဘဲ ဇွန်း၊ ခက်ရင်း၊ ပိုက်နှင့် သွားတိုက်တံကဲ့သို့သော ပြန်လည်အသုံးပြုနိုင်သည့် ထုတ်ကုန်များသည် ပိုမို၍များစွာတောင်းဆိုမှုရှိသည်။ အသေးစိတ်တိုင်းသည် တိကျမှုနှင့် ကိုက်ညီရမည်ဖြစ်ပြီး ပြောင်းလွယ်ပြင်လွယ် စိတ်ကြိုက်ဖန်တီးခွင့်ပြုရမည့်အပြင် ထုတ်လုပ်မှုအဆင့်တိုင်းတွင် ဂရုတစိုက်ထိန်းချုပ်ရမည် ဖြစ်သည်။ CNC စက်များကို သတ်မှတ်ထားသော ထုတ်ကုန်တစ်ခုစီအတွက် ပရိုဂရမ်ရေးဆွဲထားပြီး လိုအပ်သော တိကျသည့် အကွေး၊ အရှည်နှင့် အထူတို့နှင့် ကိုက်ညီစေရန် ဖြတ်တောက်မည့် လမ်းကြောင်းကို ချိန်ညှိပေးသည်။

အလွှိုင်းဓားသွားများက ၎င်းတို့ကို ဖြတ်သန်း၍ ပုံမှန်လည်ပတ်နေစဉ် ဝါးတုံးများကို ဟိုက်ဒရောလစ်ညှပ်များဖြင့် မြဲမြံစွာဖမ်းဆုပ်ထားသည်။ အခြေခံပုံဖော်ပြီးနောက် ထုတ်ကုန်များသည် ဘေးကင်းပြီး သုံးစွဲရသက်သာစေရန် အသေးစိတ်အချက်တိုင်းကို ပြုပြင်ပေးသည့် အဆင့်ဖြစ်သော မျက်နှာပြင်ပြုပြင်ခြင်းသို့ ရောက်ရှိသွားသည်။ ကော်ဖတ်တိုက်သည့်စနစ်သည် ပျော့ပျောင်းသော ရော်ဘာအူတိုင်များပေါ်တွင် စက်မှုလုပ်ငန်းသုံးကော်ဖတ်များဖြင့် ရစ်ပတ်ထားသော အဆက်မပြတ်လည်ပတ်နေသည့် ဝင်ရိုးများပေါ်တွင် လည်ပတ်ကာ အစွန်းများကို ပွဲထွက်ခြင်းမရှိဘဲ ညီညာစွာ ချောမွေ့စေသည်။

သွားတိုက်တံ အမွေးအမျှင်များ သို့မဟုတ် ပိုက်များတွင် အပေါက်ဖောက်ခြင်းကဲ့သို့သော ထပ်လောင်းအသေးစိတ်များ လိုအပ်သည့် ထုတ်ကုန်များအတွက် သေးငယ်သော CNC ကိရိယာများသည် တိကျသောလုပ်ငန်းကို ကိုင်တွယ်ပြီး အတိမ်အနက်နှင့် အနေအထားကို မီလီမီတာ၏ အစိတ်အပိုင်းများအထိ တစ်ပြေးညီဖြစ်စေသည်။

### စက္ကူနှင့် ပရိဘောဂကဏ္ဍအထိ ကျယ်ပြန့်လာသော အသုံးဝင်မှု

အိမ်သုံးထုတ်ကုန်များ ပြီးစီးလုနီးပါးတွင် အခြားသောကုန်ကြမ်းစီးကြောင်းတစ်ခုသည် အလွန်ကွဲပြားခြားနားသော လမ်းကြောင်းတစ်ခုဖြစ်သည့် စက္ကူလုပ်ခြင်းကို ဖွင့်လှစ်ပေးသည်။ ရွေးချယ်ထားသောဝါးများကို ပုံသဏ္ဌာန်မျိုးစုံ ဖြတ်တောက်မည့်အစား စက်မှုလုပ်ငန်းသုံးသွားများကဲ့သို့ အလုပ်လုပ်သော ရောမသံမဏိစက်ကြီးဖြစ်သည့် ပထမအဆင့် ကြိတ်စက်ထဲသို့ထည့်ကာ ဝါးလုံးများကို ဆယ်လူလို့စ် (cellulose) အမျှင်များအဖြစ်ကြိတ်ခွဲသည်။

ထို့နောက် အရောအနှောသည် အမြွှာဝက်အူမွှေတံများ တပ်ဆင်ထားသော ဟိုက်ဒရောလစ်စစ်ကန် (hydrolysis tank) ထဲသို့ ရွှေ့လျားသွားသည်။ ဤနေရာတွင် အပူနှင့် ဇီဝအင်ဇိုင်းများသည် လစ်နင် (lignin) ဖွဲ့စည်းပုံကို ဖြိုခွဲသည်။ ရလဒ်အနေဖြင့် ရိုးရာသစ်သားအခြေခံ ပျော့ဖတ်များထက် ပိုမိုခိုင်မာသော အမျှင်ချိတ်ဆက်မှုနှင့် **စာမျက်နှာ ၂၁ သို့** ❖

❖ ကျောဖုံးမှ

အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့်မွန်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို“အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **စာမျက်နှာ ၂၀ မှ**

အညစ်အကြေးနည်းပါးသော သန့်စင်သည့် ပျော့ဖတ်ကိုရရှိသည်။ မှတ်သားလောက်စရာမှာ အချို့သော ခေတ်မီထုတ်လုပ်မှုလိုင်းများသည် ယခုအခါ အမျှင်သန့်ရှင်းမှု အာရုံခံကိရိယာများကိုပါ ထည့်သွင်းထားခြင်းဖြစ်သည်။ ဤအရာကြောင့် ပြုပြင်ထားသော ဝါးပျော့ဖတ်သည် လုပ်ငန်းတွင်းရှိ အကောင်းဆုံး စက္ကူပျော့ဖတ် အမျိုးအစားအချို့နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး တောက်ပမှုနှင့် ကြံ့ခိုင်မှုဆိုင်ရာ မြင့်မားသော စံနှုန်းများသို့ ရောက်ရှိနိုင်သည်။

ဝါးအမျှင်များ၏နူးညံ့မှုကို ပြသမည်ဆိုပါက ကြမ်းခင်း၊ စားပွဲ သို့မဟုတ် ဗီရိုစသည့် ပစ္စည်းများတွင် ဝါး၏ဒေါင်လိုက်အကြောများ၏ ကြံ့ခိုင်မှုနှင့် သဘာဝ၏ ခံနိုင်ရည်ကို ထုတ်ဖော်ပြသသည်။ ဤအဆင့်တွင် လုပ်ငန်းစဉ်သည် ဝါးတုံးပြုပြင်ခြင်းသို့ ပြောင်းလဲသွားပြီး ဝါးပင်တစ်ခုစီကို ခွဲခြမ်း၊ အခွံနွှာကာ ခိုင်မာသောပြားများအဖြစ် မဖိသိပ်မီဂရုတစိုက် အခြောက်ခံသည်။ အဆိုပါစနစ်သည် အပူနှင့်ပေါင်းစပ်ထားသော ဖိအားမြင့်ကိုအသုံးပြုကာ အပင်၏ကိုယ်ပိုင်သဘာဝအစေးဖြင့် အမျှင်များကို ချိတ်ဆက်ပေးသည်။ မည်သည့်ဓာတုကော်မှမလိုအပ်ပါ။

ထွက်ပေါ်လာသော အပြားတစ်ခုစီသည် သစ်သားအစစ်ကဲ့သို့ သိပ်သည်းချောမွေ့ပြီး ခိုင်ခံ့သည်။ ထိုမှတစ်ဆင့် CNC ဖြတ်စက်များသည် အစိတ်အပိုင်းတစ်ခုစီကို ဒီဇိုင်းအလိုက် ပုံဖော်ပေးသည်။ စားပွဲခြေထောက်များ၊ ကုလားထိုင်မျက်နှာပြင်များ၊ ကြမ်းခင်းပြားများစသည်တို့ဖြစ်သည်။ ဖြတ်တောက်မှုတစ်ခုစီကိုဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အဆက်တိုင်းတွင် တိကျသေချာစေရန် ကိုဩဒိနိတ် အာရုံခံကိရိယာများဖြင့် လမ်းညွှန်ထားသည်။ ဝါးသည် အစားထိုးပစ္စည်းတစ်ခုမျှသာ မဟုတ်တော့ဘဲ ပိုမိုရေရှည်တည်တံ့သော အနာဂတ်ဆီသို့ ညွှန်ပြနေသည့် ခိုင်ခံ့သော ထုတ်ကုန်များအတွက် အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည်။

**ရေရှည်တည်တံ့သော အနာဂတ်အတွက်**

တစ်ခါသုံး ပစ္စည်းများမှသည် ဆောက်လုပ်ရေးနှင့် ပရိဘောဂအတွက် ခိုင်ခံ့သောပစ္စည်းများအထိ ဝါးသည် ရိုးရှင်းပုံရသောအရာတစ်ခုက ခေတ်မီထုတ်လုပ်မှု၏ တောင်းဆိုချက်များနှင့် မည်သို့လိုက်လျောညီထွေဖြစ်အောင် နေနိုင်ကြောင်း သက်သေပြခဲ့သည်။ ဖြတ်တောက်ခြင်း၊ ကော်ဖတ်တိုက်ခြင်း၊ ဖိသိပ်ခြင်း၊ အခြောက်ခံခြင်းနှင့် ထုပ်ပိုးခြင်း စသည့်နည်းပညာအဆင့်တိုင်းတွင် ဝါးသည် သစ်သား သို့မဟုတ် ပလတ်စတစ်ကို အစားထိုးရုံသာမက ချဉ်းကပ်မှုအသစ်တစ်ခုအတွက် အခြေခံအုတ်မြစ်ကိုပါ ချပေးထားသည်။

စက်မှုလုပ်ငန်း၏ ဖိအားများနှင့် ရေရှည်တည်တံ့သော စားသုံးမှုအတွက် တောင်းဆိုချက်များကြားတွင် ပြန်လည်ပြည့်ဖြိုးနိုင်သော အရင်းအမြစ်ဖြစ်သည့် ဝါးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းမှာ မျှတသောရွေးချယ်မှုတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

## ဇလွန်မြို့နယ်၌ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စုများအား ပြောင်းရွှေ့စရိတ်နှင့် ဆန်ရိက္ခာဖိုးများပေးအပ်



ဇလွန် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ရေပေါက်ကြီးကျေးရွာစွန့်ပစ်တာတွင် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ပြောင်းရွှေ့အိမ်ထောင်စုများအား ပြောင်းရွှေ့စရိတ်နှင့် ဆန်ရိက္ခာဖိုးများကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် ဟသ်ာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသူမောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထူးပြည့်တို့က ညောင်ပင်သာကျေးရွာအုပ်စု ရေပေါက်ကြီးကျေးရွာမှ ကမ်းပြိုမှုကြောင့် ကြိုတင်ပြောင်းရွှေ့အိမ်ခြေ ရှစ်လုံးအတွက် ပြောင်းရွှေ့စရိတ် ထောက်ပံ့ငွေကျပ် ၈၀၀၀၀၀၊ လူဦးရေ ၄၁ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၀၅၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀၀၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇလွန်(ပြန်/ဆက်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**၂၀၂၆ ခုနှစ် မိုးနှောင်းကာလသတ်မှတ်ခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ မိုးနှောင်းကာလသည် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့)မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်ပါသည်။

**မုတ်သုံလေဆုတ်ခွာသည့်အခြေအနေ**

၂။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်-

(က) စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊
(ခ) စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊
(ဂ) စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊
(ဃ) အောက်တိုဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၃။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းလေးကြိမ် ဖြစ်ပေါ်နိုင်ပြီး သုံးကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

၄။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၅။ မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။

မိုး/ဇလ

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



# အုတ်ဖိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

အုတ်ဖို ဩဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် စားအုန်းဆီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့သည် ယနေ့ နံနက်ပိုင်း တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါစစ်ဆေးမှုတွင် စားအုန်းဆီဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်းရောင်းချမှုရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှုရှိ၊ မရှိ၊ ဆီစာအုပ်များကို စနစ်တကျထုတ်ပေးရေးနှင့် ရရှိသောဆီပိဿာချိန်များကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှုရှိ၊ မရှိကို စစ်ဆေးပြီး တရားမဝင်စားအုန်းဆီများ မရောင်းချရေးတို့ကို အလေးထားဆောင်ရွက်သွားရန်ညွှန်ကြားခဲ့ကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုဘက်စတာကော်ဖီ ၇၇ ကေကျော် စိုက်ပျိုးထား

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရော်ဘာမြေနှင့် သစ်တောမြေတို့၏ ၇၇ ဒသမ ၅၀ ဧက အတွင်း၌ ရိုဘက်စတာကော်ဖီ ဧက ၃၃၂၀၀ စိုက်ပျိုးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရိုဘက်စတာကော်ဖီပင်များကို တွံတေးမြို့နယ်၌ လေးဧက၊ လှည်းကူးမြို့နယ်၌ ဧက ၅၀ နှင့် တိုက်ကြီးမြို့နယ်၌ ၂၃ ဒသမ ၅၀ ဧကဖြင့် စုစုပေါင်း ၇၇ ဒသမ ၅၀ ဧက စိုက်ပျိုးထားသည်။

ကမ္ဘာ့ယဉ်ကျေးမှုနှင့် မြို့ပြယဉ်ကျေးမှု လိုက်ဖက်ညီသည့် ကော်ဖီသောက်သုံးမှု ပိုမိုထွန်းကားလာချိန်တွင် ရန်ကုန်မြို့၌လည်း ကော်ဖီစစ်စစ်ရောင်းချသော ကော်ဖီဘားများ မြို့တွင်း၌ စည်ကားလာရာ ပြည်တွင်းသောက်သုံးမှုများလာ၍တောင်ပေါ်ဒေသများအပြင် မြေပြန့်ဒေသများဖြစ်သည့် ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့၌ သီးညှပ်အဖြစ် ရိုဘက်စတာကော်ဖီကို စိုက်ပျိုးထုတ်လုပ်လာသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း တွံတေးမြို့နယ်၌ ဧက ၄၀၊ ကော့မှူးမြို့နယ်၌ဧက ၆၀၊ ကွမ်းခြံကုန်းမြို့နယ်၌ ဧက၂၀၊ အင်းစိန်ခရိုင်၌ ဧက ၈၈၀၊ မှော်ဘီမြို့နယ်၌ ဧက ၁၀၀၊ လှည်းကူးမြို့နယ်၌ ဧက ၅၀၀ နှင့် တိုက်ကြီးမြို့နယ်၌ ဧက ၂၈၀ ဖြင့် စုစုပေါင်း ဧက ၁၀၀၀ ကို ၂၀၂၆-၂၀၂၇ ခုနှစ်၌ လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် တိုင်းဒေသကြီးအတွင်း ၇၇ ဒသမ ၅၀ ဧက စိုက်ပျိုးထားသည်။

ရိုဘက်စတာကော်ဖီပင်သည် အပူဒဏ်ခံနိုင်ပြီး မြေပြန့်ဒေသ၌ ရေသွင်းစနစ်၊ ရေထုတ်မြောင်း၊ အရိပ်ရသီးညှပ်စနစ်နှင့် မြေဆီလွှာအော်ဂဲနစ်ပေါင်းစပ်မှုဖြင့်အာရေဗီးကားကော်ဖီထက် ပိုမိုစိုက်ပျိုးသည်။ ရိုဘက်စတာကော်ဖီ၏အရသာမှာ ခါးသက်မှု၊ ချောကလက်ဆန်သော အရည်အသွေး၊ လေးပင်သောအရသာ၊ အချဉ်ဓာတ်နည်းခြင်းနှင့် လျှာပေါ်၌ ခါးသက်သောအရသာ ကျန်ရစ်မှုတို့ကြောင့် ကော်ဖီပြင်းပြင်းကြိုက်သူများ ရိုဘက်စတာကော်ဖီကို အများဆုံးသောက်သုံးသည်။

မြေပြန့်ဒေသတွင်စိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် စီးပွားဖြစ်စိုက်ပျိုးမှုမှ ပြည်တွင်းကော်ဖီသောက်သုံးမှုကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပနိုင်ငံသို့ ကော်ဖီတင်ပို့မှုမှလည်း နိုင်ငံခြားဝင်ငွေ ရရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၌ ရိုဘက်စတာကော်ဖီပျိုးပင် ၇၈၀၀၀ ပျိုးထောင်ထားပြီး စိုက်ပျိုးတောင်သူများထံ ပျိုးပင်ပေါင်း ၃၃၂၀၀ နှင့် မျိုးစေ့ ၄၅ ကီလိုဂရမ် ဖြန့်ဝေပေးထားကြောင်း သိရသည်။

သတင်း- ဥဿ
ဓာတ်ပုံ - ကိုလွင်

# ရမည်းသင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ရမည်းသင်း ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့တွင် အထက(ခွဲ) အလယ်ကုန်းကျောင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြည့်သူ့စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေး(၃) ထီးလှိုင်တာဝန်ခံ၊ မြို့နယ်ပညာရေးဌာန(တာဝန်ခံ) တို့က မိမိတို့သက်ဆိုင်ရာဌာနများအလိုက် ပြုလုပ်ဆောင်ရွက်ပေးနေသည့် လူမှုရေး၊ စီးပွားရေး၊ သဘာဝဘေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၂၀ Development phase ခြေစစ်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်း အပြီးသတ်ပြင်ဆင်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းသည် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပမည့် ၂၀၂၇ အာရှဖလား ယူ-၂၀ Development phase ခြေစစ်ပွဲအတွက် အပြီးသတ် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ယခုနှစ် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် Development phase တွင် ကစားရမည် ဖြစ်သောကြောင့် ၂၀၂၇ ပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ဘဲ သတ်မှတ်ထားသည့်အဆင့် ဝင်ပါက ၂၀၂၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲ အောင်မြင်မည့် Qualification phase တွင် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase တွင် အုပ်စု (K) ၌ သီရိလင်္ကာ၊ ဘရူနိုင်း၊ မော်လ်ဒိုက် အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု (K) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတွင် တစ်နေ့ နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းကို နည်းပြချုပ်အဖြစ် ယူဂျီကကိုင်တွယ်နေပြီး ကာလရှည် လေ့ကျင့် ပြင်ဆင်ထားသည့် အသင်းလည်းဖြစ်သည်။


မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်နေစဉ်။

ခြေစစ်ပွဲ အုပ်စု (K) ပွဲစဉ်များအဖြစ် ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်း၊ ည ၇ နာရီတွင် မော်လ်ဒိုက်အသင်းနှင့် ဘရူနိုင်းအသင်း၊ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် ဘရူနိုင်းအသင်း၊ ည ၇ နာရီတွင် သီရိလင်္ကာအသင်းနှင့် မော်လ်ဒိုက်အသင်း၊ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်း၊ ည ၇ နာရီတွင် ဘရူနိုင်းအသင်းနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ Development phase ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ လာမည့်နှစ် Qualification phase သို့ တက်လှမ်းယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

သတင်း- ရှိုင်းထက်ဇော်
ဓာတ်ပုံ-MFF

## ဂန့်ဂေါမြို့၌ မိုးရာသီ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဂန့်ဂေါ ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဝါသနာရှင်များ ပူးပေါင်းကျင်းပသော ၂၀၂၆ ခုနှစ် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီက ဂန့်ဂေါမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အထက(ဂန့်ဂေါ)မှ ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကာ မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် စည်ပင်သာယာအသင်းနှင့် ပြစ်မအသင်းတို့မှ အားကစားသမားများအား တာဝန်ရှိသူများနှင့်အတူ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ယင်းနောက် စည်ပင်သာယာအသင်းနှင့် ပြစ်မအသင်းတို့ပြိုင်ပွဲကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ကွင်းအတွင်း ဘောလုံးကန်သွင်း၍စတင်ပေးခဲ့ကာ နှစ်ဖက်အသင်းသားများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲတွင်



